မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၆၅)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပိုမိုတောက်ပသည့်အနာဂတ်ကို ဖန်တီးလိုလျှင် ပတ်ဝန်းကျင်မပျက်စီးစေသည့် စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ကြရမည်

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် စွမ်းအင်အရင်းအမြစ်များကို ရေရှည်အကျိုးရှိစွာ ထုတ်လုပ်သုံးစွဲနိုင်ရေး အဓိကကျ

အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးကို ဥပဒေနှင့်အညီ အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်နေ

နေပြည်တော် ဇွန် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ(MICC)၌ ကျင်းပသည့် ၂၀၁၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဝင်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မိန့်ခွန်းပြောကြားရာတွင် ယနေ့ကျရောက်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့သည် ၁၉၇၂ ခုနှစ် ဇွန် ၅ ရက်က ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍအတွက် ကမ္ဘာ့ခေါင်းဆောင်များ ပထမဦးဆုံး စတင်ညှိနှိုင်းဆွေးနွေးခဲ့ကြသော နှစ်လေးဆယ်ပြည့်မြောက်သည့်နေ့ဖြစ်ကြောင်း။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အပြည်ပြည်ဆိုင်ရာအခမ်းအနားကို ဘရာဇီးလ်နိုင်ငံ၊ ရီးယိုဒီဂျနေရိုးမြို့တွင်လည်း ယနေ့ကျင်းပနေကြောင်း၊ ရီးယိုဒီဂျနေရိုးမြို့သည် လွန်ခဲ့သည့် နှစ်နှစ်ဆယ် ၁၉၉၂ ခုနှစ်က ကုလသမဂ္ဂ၏ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးညီလာခံဖြစ်သော မြေကမ္ဘာထိပ်သီးညီလာခံ (The Rio Earth Summit) ကျင်းပခဲ့သည့် နေရာပင်ဖြစ်ကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ ◆

မိန့်ခွန်းပြောကြား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်နှင့် ပြည်သူများအကျိုးအတွက် လိုအပ်သည့်ဥပဒေများပြဋ္ဌာန်းနိုင်ရေး ဝိုင်းဝန်းဖော်ဆောင်

နိုင်ငံတော်နှင့် နိုင်ငံသားများအနေဖြင့် ပြဋ္ဌာန်းပြီး ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော်ကော်မတီ၊ ကော်မရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကော်မတီ၊ ကော်မရှင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ လွှတ်တော်ရေးရာကော်မတီများမှဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့လွှတ်တော်၏ အဓိကတာဝန်မှာ ဥပဒေပြုရေးတာဝန်ဖြစ်ကြောင်း၊ လွှတ်တော်ကော်မတီများ၊ *စာမျက်နှာ ၇ ကော်လံ ၁* ■

6-6 (01).pmd 1 6/6/2012, 2:10 AM

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇွန် ၆ ရက်)

ကောင်းမှုကို ဆောင်၊ မကောင်းမှုကို ရှောင်

မကောင်းသောအကျင့်ကို ပါဠိလို 'ဒုစရိတ' ဟုခေါ်ပြီး မြန်မာလို ဒုစရိုက်ဟုခေါ်၏။ ဒုစရိုက်(၁၀)ပါးရှိ၏။ 'ပါဏာတိပါတ' သူ့အသက်ကို သတ်ဖြတ်ခြင်း၊ 'အဒိန္နာဒါန' သူ့ပစ္စည်းကို ခိုးယူခြင်း၊ 'ကာမေသုမိစ္ဆာစာရ' ကာမဂုဏ်တို့၌ ယုတ်ယုတ်မာမာပြုကျင့်ခြင်းတို့သည် ဒုစရိုက်ကာယကံ (၃)ပါးပင်ဖြစ်၏။

'မုသာဝါဒ' မဟုတ်မမှန်မုသားပြောဆိုခြင်း၊ 'ပိသုဏဝါစာ' ကုန်းချောရန်တိုက်ခြင်း၊ 'ဖရုသဝါစာ' ဆဲရေးတိုင်းထွာခြင်း၊ 'သမ္ဖပ္ပလာပ' သိမ်ဖျင်းသောစကားကို ပြောဆိုခြင်းတို့သည် ဒုစရိုက်ဝစီကံ (၄)ပါးပင်ဖြစ်၏။ 'အဘိဇ္ဈာ' သူတစ်ပါးစည်းစိမ်ကို 'ငါ့ဟာဖြစ်လျှင်ကောင်းလေစွ' ဟု စိတ်ကူးခြင်း၊ 'ဗျာပါဒ' သေကျေပျက်စီးသွားလျှင် ကောင်းလေစွဟု သူတစ်ပါးကို ပြစ်မှားခြင်း၊ 'မိစ္ဆာဒိဋ္ဌိ' ကံ-ကံ၏ အကျိုးကို မယုံကြည်ဘဲ အယူမှားခြင်းတို့သည် ဒုစရိုက်မနောကံ (၃)ပါးပင်ဖြစ်၏။

အဆိုပါ ဒုစရိုက် ကာယကံ (၃)ပါး၊ ဒုစရိုက် ဝစီကံ (၄)ပါးနှင့် ဒုစရိုက်မနောကံ (၃)ပါးတို့ကို ဒုစရိုက် (၁၀)ပါး ဟုခေါ်ဆိုကြောင်း ဆရာတော် သံဃာတော်များက ဟောကြားမှတ်သားဖူး၏။ ယင်းဒုစရိုက်(၁၀)ပါးကို 'အကုသလကမ္မပထ' ဟုလည်း ခေါ်ဆိုကြသေး၏။ ထိုဒုစရိုက်(၁၀)ပါးကို ကိုယ်တိုင်ပြုလျှင်သော်လည်းကောင်း၊ သူများကို အပြုခိုင်းလျှင်သော်လည်းကောင်း၊ သူတစ်ပါး ဒုစရိုက်ပြုသည်ကို အားပေးအားမြှောက် သဘောတူလျှင်သော်လည်းကောင်း ဒုစရိုက်အပြစ် ဖြစ်စေနိုင်သည်ဟုဆိုသည်။

တစ်ဖန်ကောင်းသောအကျင့်ကို ပါဠိလို 'သုစရိတ' ဟုခေါ်ဆိုပြီး မြန်မာလို သုစရိုက်ဟုခေါ်ဆို၏။ ထိုသုစရိုက်သည်လည်း ဒုစရိုက်ကဲ့သို့ (၁၀)ပါးရှိ၏။ သူတစ်ပါးအား သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ခိုးယူခြင်းမှရှောင်ကြဉ်ခြင်း၊ သေရည်သောက်သုံးခြင်းမှ ရှောင်ကြဉ်ခြင်းတို့သည် သုစရိုက်ကာယကံ (၃)ပါးမည်ပေ၏။

သုစရိုက်ကာယကံ(၄)ပါးရှိကြောင်းကိုလည်း မှတ်သားရပါသည်။ ယင်းတို့သည်ကား မုသာဝါဒပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပိသုဏဝါစာ ပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း၊ ဆဲရေးတိုင်းထွာခြင်းမှ ရှောင်ကြဉ်ခြင်း၊ သိမ်ဖျင်းသောစကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းတို့ပင်ဖြစ်၏။ သုစရိုက်မနောကံသုံးပါးသည်ကား အဘိဇ္ဈာကို မပြုခြင်း၊ ဗျာပါဒကို မပြုခြင်း၊ ကောင်းသောအယူကိုယူခြင်းတို့ပင် ဖြစ်ပါသည်။ ဤသုစရိုက်(၁၀)ပါးကို ကုသလကမ္မပထ(၁၀)ပါး ဟုခေါ်ပြီး ကျင့်ကြံပွားများသူတိုင်း ကောင်းကျိုးလိုရာဖြစ်စေနိုင်ကြောင်း ရှင်တော်ဗုဒ္ဓက ဟောကြားတော်မူ၏။

သို့ပါသောကြောင့် ဒုစရိုက်ဟူသည့် မကောင်းမှုများကို ရှောင်ကြဉ်ပြီး သုစရိုက်ဟူသည့် ကောင်းမှုများကို ဆောင်သင့်ပေသည်။ မကောင်းသောဒုစရိုက် အမူအကျင့်များသည် လက်ရှိပစ္စုပ္ပန်ဘဝတွင် ကောင်းကျိုးမဖြစ်စေနိုင်သလို နောင်သံသရာအတွက်လည်း ကောင်းလိမ့်မည်မဟုတ်ပေ။ သုစရိုက်တရားများသည်ကား လက်ရှိဘဝတွင် ကောင်းကျိုးလိုရာဖြစ်စေနိုင်သလို နောင်သံသရာအတွက်လည်း ကောင်းပေသည်။ ထို့ကြောင့် မကောင်းမှုကို ရှောင်ကြဉ်ပြီး ကောင်းမှုများကိုသာ ဆောင်သင့်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

ပင်လောင်း၌ လွှတ်တော်အတွေ့အကြုံများရှင်း

ပင်လောင်း ဇွန် ၅

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် လိန်းညာကျေးရွာအုပ်စု ထီဗိရွာဘုန်းတော်ကြီးကျောင်းတွင် လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲကို မေ ၂၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ပင်လောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်းက လွှတ်တော်တက်ရောက်ခဲ့စဉ်က အတွေ့အကြုံများ၊ ပြည်သူများ သိသင့်သော ပြင်ဆင်ပြီးဥပဒေများ၊ ပြင်ဆင်ဆဲဥပဒေများကို အကျယ်တဝင့် ရှင်းလင်းသည်။

ရှင်းလင်းပွဲသို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် ဦးခွန်လှဆန်း၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့် ဌာနဆိုင်ရာများ၊ ကောင်ဗာရွာ၊ တတောက်ရွာ၊ ညောင်မူး(တရွတ်မူး)ရွာ၊ တခါးယဉ်ရွာ၊ ဟံတနျားရွာ၊ လိန်းညာရွာ၊ ထီဗိကျေးရွာခုနစ်ရွာမှ ပြည်သူ ၁၂၀၀ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

လပွတ္တာ၌ စီမံကိန်းတာဝန်ပေးအပ်ပွဲကျင်းပ

လပွတ္တာ ဇွန် ၅

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်၏ ၂၀၁၂-၂၀၁၃ စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီက လပွတ္တာမြို့ ရွှေနဒီအစည်းအဝေးခန်းမ၌ ကျင်းပရာ လပွတ္တာခရိုင် အုပ်ချုပ်ရေးမှူး ဦးကံဝင်းက အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ခိုင်ဦးက ၂၀၁၂-၂၀၁၃ နှစ်စဉ် စီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကံဝင်းက စီမံကိန်းတာဝန်ပေးအပ်လွှာများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်ထံပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့မစခန်း၊ ဘီတွတ်စခန်း၊ ကြာကန်စခန်း၊ သပြုကုန်းစခန်းနှင့် ပြင်စလူမြို့နယ်ခွဲရှိ တာဝန်ရှိသူများထံ စိုက်ပျိုးရေးတာဝန်များပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ခရိုင်စီမံကိန်းဦးစီး)

စာအုပ်စာစောင်များလှူဒါန်းပွဲ မချမ်းဘော၌ကျင်းပ

မချမ်းဘော ဇွန် ၅

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းပွဲကို ဇွန် ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနန်ဇေဖုန်ထန်းက အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အင်ကြင်းခင်ဇော်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက တန်ဖိုးငွေကျပ် ၂၂၅၀၀ ရှိ သုတရသစာအုပ်စာစောင် ၄၅ အုပ်ကို လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ဘိုးဘွားရိပ်သာ၌ သစ်ပင်စိုက်ပျိုး

ပဲခူး ဇွန် ၅

၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီးနှင့် မြို့နယ် သမဝါယမဦးစီးဌာနဝန်ထမ်းများ၊ သမဝါယမအသင်းများမှ အမှုဆောင် ဒါရိုက်တာများနှင့် အသင်းဝန်ထမ်းများက ပဲခူးမြို့ မဇင်းရပ်ကွက်ရှိ သပြေကုန်းဘိုးဘွားရိပ်သာတွင် အဘိုးအဘွား ၂၈ဦးတို့အား အာဟာရဒါန၊ အဝတ်အထည်များ လှူဒါန်းခြင်းနှင့် ဘိုးဘွားရိပ်သာဝင်းအတွင်း သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။ (ဓာတ်ပုံ) အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်မြင့်၊ သစ်တောနှင့်သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဌေးတို့ တက်ရောက်ကြပြီး အဘိုးအဘွားများအား ဂါရဝပြုပူဇော်ကန်တော့ကြကာ အရိပ်ရသစ်ပင်များကို စိုက်ပျိုးပေးခဲ့ကြကြောင်း သိရှိရသည်။ (၁၁၀)

ညောင်ဦးမြို့နယ်၌ ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

ညောင်ဦး ဇွန် ၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တက်မကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို မေ ၂၄ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာ တက်မကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းစိန်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေတိုး၊ ကနေဒါနိုင်ငံသား မစ္စတာဂျွန်၊ တက်မကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မြင့်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်သန်းစိန်က ကျောင်းဆောင်သစ်နှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်အလှူရှင် ကနေဒါနိုင်ငံသား မစ္စတာဂျွန်က အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆောက်အအုံသစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် အလှူရှင်ကိုယ်စား ဦးမောင်မောင်ကြီးက ကျောင်းအဆောက်အအုံသစ် လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ (ပညာရေး)

ဘုရားသုံးဆူမြို့နယ်ခွဲ၌ ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ပေးအပ်

ကြာအင်းဆိပ်ကြီး ဇွန် ၅

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ဝန်ထမ်းသားသမီး ၁၂ ဦးအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်ခွဲအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက ငွေကျပ် ၁၈၉၀၀၀ ကို ပေးအပ်ရာ ဝန်ထမ်းသားသမီးများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး ကြည့်မြင်တိုင်နှင့် ဖျာပုံမြို့နယ်တို့၌ ဖွဲ့စည်း

ရန်ကုန် ဇွန် ၅

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)မှ ကြည့်မြင်တိုင်မြို့နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံး ပြန်လည်မွမ်းမံဖွဲ့စည်းခြင်း အခမ်းအနားကို ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပုံညောပကာရဓမ္မာရုံ၌ မေ ၂၄ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ထားနွယ်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးမောင်မောင်လှမြင့်က အစည်းအရုံးဆိုင်ရာ ကိစ္စရပ်များ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သစ် ရွေးကောက်တင်မြှောက်မှုဆိုင်ရာများနှင့် အစည်းအရုံးကြီး၏ ရှေ့လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားသည်။ ထို့နောက် ကြည့်မြင်တိုင်မြို့နယ် ရိုးရာပန်းပညာရှင်များအစည်းအရုံးကို အဖွဲ့ဝင်၂၀နှင့် ဖွဲ့စည်းခဲ့သည်။ ဆက်လက်၍ မေ၂၅ ရက်တွင် ဖျာပုံမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ရိုးရာပန်းပညာရှင်များ အစည်းအရုံး ပြန်လည်ဖွဲ့စည်းခြင်း အခမ်းအနားကို ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေလင်းထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် ဖျာပုံမြို့နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံးကို အဖွဲ့ဝင် ၁၆ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

တွံတေး ဇွန် ၅

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ထောက်ပံ့ကြေးငွေပေးအပ်ပွဲအခမ်းအနားကို မေ ၃၁ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တော်ဝင်စန္ဒကူးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က အမှာစကားပြောကြားပြီး တက္ကသိုလ်အဆင့်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၂၆ ဦးအတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၂၃၀၀၀၀နှင့် ငွေကျပ်နှစ်သိန်း တန်ဖိုးရှိ ကျောင်းဝတ်စုံများနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (အောက်ပုံ) (မြို့နယ် ထွေ/အုပ်)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်း မပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကွင်းမီးကျန်များကို ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူး သတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

ရီယိုညီလာခံသည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အရေးပါသော သဘောတူညီချက်များ ဖြစ်ကြသည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်းများကို ကမ္ဘာ့နိုင်ငံများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ၂၁ ရာစုအစီအစဉ် (Agenda-21) ကို အတည်ပြုချမှတ်နိုင်ခဲ့သည့် သမိုင်းဝင်ညီလာခံဖြစ်ကြောင်း။

ဦးစားပေးဆွေးနွေး

ယခု ဇွန် ၂၀ ရက်ကစပြီး ရီးယိုဒီဂျနေရိုးမြို့တွင် စတင်ကျင်းပမည့် Rio+ 20 ညီလာခံသည် ယခင်ချမှတ်ခဲ့သည့် ၂၁ ရာစု အစီအစဉ်ကို နှစ်နှစ်ဆယ်ကာလအတွင်း နိုင်ငံအလိုက် အကောင်အထည်ဖော်ရာ၌ အားနည်းချက်၊ လိုအပ်ချက်များကို ပြန်လည်သုံးသပ်ပြင်ဆင်နိုင်ရန် အဖွဲ့အစည်းများကို ကြီးထွားခိုင်မာအောင် တည်ဆောက်ရန်၊ ပိုမိုတောက်ပသည့် အနာဂတ်ကမ္ဘာကို ဖန်တီးနိုင်ရန်အတွက် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာခေါင်းဆောင်များစုဝေးပြီး ဦးစားပေးဆွေးနွေးကြမည့် Sustainable Development ခေါ်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးဆိုင်ရာ အစီအစဉ်များကို ချမှတ်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း။

ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်သည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်တစ်ခုစီကို နှစ်စဉ်သတ်မှတ်လေ့ရှိကြောင်း၊ ယခုနှစ်ဆောင်ပုဒ်မှာ " Green Economy: Does it include You?" **"ပတ်ဝန်းကျင်မပျက်ယွင်းစေသော အစိမ်းရောင်စီးပွားရေး၊ သင်တို့အားလုံးပါဝင် ဆောင်ရွက်ပေး"** ဖြစ်ကြောင်း။

ပိုမိုတောက်ပသည့် အနာဂတ်ကို ဖန်တီးလိုလျှင် ပတ်ဝန်းကျင် မပျက်ယွင်းစေသည့် စီးပွားရေးလုပ်ငန်းများကို မဖြစ်မနေ အကောင်အထည်ဖော်ကြရမည်ဆိုခြင်းကို မီးမောင်းထိုးပြခြင်းဖြစ်ကြောင်း၊ ထို့အပြင် ဆောင်ပုဒ်သည် အစိမ်းရောင် စီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန်အတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် လူမှုအဖွဲ့အစည်းများအပါအဝင် လူ့အဖွဲ့အစည်းအားလုံး ပါဝင်ဆောင်ရွက်ကြရန် အထူးလိုအပ်နေသည်ဆိုခြင်းကို ဖော်ညွှန်းခြင်းဖြစ်ကြောင်း။

ထူးခြားမှုတစ်ခုအနေဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ပုဒ်သည် အစိမ်းရောင်စီးပွားရေးတွင် အားလုံးပါဝင်ဆောင်ရွက်ကြရန် ဆော်သြထားသကဲ့သို့ မကြာမီကျင်းပတော့မည့် Rio+ 20 ညီလာခံကြီးတွင်လည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးအတွက် အစိမ်းရောင်စီးပွားရေးဖော်ဆောင်ရေးကို အဓိကအချက်အဖြစ် ဖော်ညွှန်းထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

၂၀၀၈ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေကြေး အကျပ်အတည်းသည် ထောင်စုနှစ်ရည်မှန်းချက် ဆောင်ရွက်အကောင်အထည်ဖော်မှုများကို စိန်ခေါ်မှုဖြစ်ပေါ်စေသည့်အတွက် ကမ္ဘာ့နိုင်ငံအစိုးရများသည် သမားရိုးကျလုပ်ကိုင်လာသော စီးပွားရေးလုပ်ငန်းများကို ပြန်လည်သုံးသပ်ခဲ့ကြကြောင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်များနှင့် ဂေဟစနစ် ယိုယွင်းမှုကိုလျှော့ချပြီး လူသားတို့၏ ပျော်ရွှင်ချမ်းမြေ့မှု၊ လူမှုရေးဆိုင်ရာ ညီညွတ်မျှတမှု၊ ပိုမိုကောင်းမွန်စေမည့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိသည့် အစိမ်းရောင် စီးပွားရေးလုပ်ငန်းကို ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်မှ အဆိုပြုခဲ့ကြောင်း၊ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ရင်းနှီးမြှုပ်နှံကြရန် လိုအပ်သည့်နည်းပညာအကူအညီ၊ ပံ့ပိုးမှုများပေးရန်လည်း ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရကြောင်း။

အစိမ်းရောင်စီးပွားရေးသည် မိမိတို့ကမ္ဘာသူ ကမ္ဘာသားအားလုံး၏ ဘဝရှင်သန်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်နေသည့် စွမ်းအင်ချွေတာရေးနှင့် ရေရှည်အကျိုးရှိစွာ ထုတ်ယူသုံးစွဲနိုင်မှု၊ ကာဗွန်ထွက်ရှိမှုကို လျှော့နည်းစေသည့် စီးပွားရေးလုပ်ငန်း၊ ပတ်ဝန်းကျင်ယိုယွင်းမှုမရှိစေသည့်အလုပ်အကိုင်၊ မူဝါဒ၊ အဆောက်အအုံ၊ သစ်တော၊ စိုက်ပျိုးရေး၊ စက်မှုနှင့် ရေလုပ်ငန်း၊ ရေရှည်ဖွံ့ဖြိုးစေမည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု၊ "ရေ"နှင့် အခြားသယံဇာတအရင်းအမြစ်ကို အကျိုးရှိစွာ ထုတ်ယူသုံးစွဲမှုစသည့် ကဏ္ဍပေါင်းစုံနှင့် တိုက်ရိုက်ဆက်စပ်နေသည်ကို တွေ့ရမည် ဖြစ်ကြောင်း။

အစိမ်းရောင် စီးပွားရေးသည် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးကဏ္ဍနှင့် သဟဇာတဖြစ်စေမည့် ရေရှည် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးမှုရရှိနိုင်စေရန် နည်းလမ်းများစွာထဲက အကောင်းဆုံးတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်း၊ ဝင်ငွေတိုးတက်ရရှိစေနိုင်မည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ယင်းရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်နိုင်ရန် မူဝါဒဆိုင်ရာ ပြင်ဆင်ပြောင်းလဲမှု၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း ပြင်ဆင်ပြောင်းလဲမှုများ လိုအပ်မည်ဖြစ်ကြောင်း။

အဓိကကျ

စွမ်းအင်ကဏ္ဍအနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့်စွမ်းအင်အရင်းအမြစ်များကို ရေရှည်အကျိုးရှိစွာ ထုတ်လုပ်သုံးစွဲနိုင်ရေးသည်လည်း အစိမ်းရောင်စီးပွားရေးဖော်ဆောင်ရာတွင် အဓိကကျသည့် အချက်တစ်ချက်ဖြစ်ကြောင်း။

ကုလသမဂ္ဂမှ ၂၀၁၂ ခုနှစ်ကို **အားလုံးအတွက် ရေရှည်တည်တံ့သော အပြည်ပြည်ဆိုင်ရာစွမ်းအင်နှစ်** အဖြစ် သတ်မှတ်ကြေညာထားခြင်းသည်လည်း ယခုနှစ်၏ ထူးခြားမှုဖြစ်ကြောင်း၊ တစ်ဖက်က အစိမ်းရောင်စီးပွားရေးကို ဖော်ဆောင်ကြရန် မီးမောင်းထိုးပြထားသကဲ့သို့ တစ်ဖက်ကလည်း စွမ်းအင်အရင်းအမြစ်များကို ရေရှည်အကျိုးရှိစွာ ထုတ်လုပ်သုံးစွဲနိုင်ရန်အတွက် ဦးစားပေးဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ် တိုးတက်မှုများကို ကောက်နုတ်ပြောကြားရမည်ဆိုလျှင် မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို ပြည်သူတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်း ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် ပတ်ဝန်းကျင်ရေးရာကိစ္စကို ထည့်သွင်းပေါင်းစပ်ပြီး ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှု၊ ဟန်ချက်ညီမျှမှုရရှိစေရန် ရည်ရွယ်ချက်ဖြင့် ချမှတ်ပြဋ္ဌာန်းခဲ့ကြောင်း၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရရှိရေးအတွက် **မြန်မာနိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ၂၁ ရာစုအစီအစဉ်**ကို ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်အတွက် **အမျိုးသားစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ"National Sustainable Development Strategy"**ကို ရေးဆွဲထားပြီးဖြစ်ကြောင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်ပြီး နိုင်ငံတော်၏ မူဝါဒအနေဖြင့် **ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီနှင့် ကဏ္ဍအလိုက် အထူးလုပ်ငန်း အဖွဲ့ငါးဖွဲ့**ကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း။

ထို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍတစ်ခုလုံးကို တာဝန်ယူဆောင်ရွက်နိုင်ရန်အတွက် သစ်တောရေးရာဝန်ကြီးဌာနကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်သကဲ့သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အသစ်တစ်ခုကိုလည်း တိုးချဲ့ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်က ချမှတ်ထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒနှင့်အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကို ပြီးခဲ့သည့် မတ် ၃၀ ရက်တွင် ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့်နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို သက်ဆိုင်ရာပညာရှင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းရေးဆွဲနေပြီ ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်သတ်မှတ်ကာ လက်ရှိဆင်းရဲနွမ်းပါးမှုနှုန်း ၂၆ ရာခိုင်နှုန်းကနေ ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသို့ လျှော့ချရန်ရည်မှန်းပြီး သဘာဝသယံဇာတကို အခြေခံသည့် စီးပွားရေးလုပ်ငန်း (Natural Resource based Economy) အစား နည်းပညာကို အခြေခံသော စီးပွားရေးလုပ်ငန်း(Knowledge based Economy)ကို ဖော်ဆောင်နိုင်ရန်လည်း အစီအမံများ ရေးဆွဲလျက်ရှိကြောင်း။

မြန်မာနိုင်ငံသည် လက်ရှိပတ်ဝန်းကျင်ထိန်းသိမ်းရေး အယူအဆသစ်တစ်ရပ်ဖြစ်သည့် **အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်ရေး**ကို ချမှတ်ထားသောမူဝါဒ၊ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ကုလသမဂ္ဂအဖွဲ့အစည်း၊ ဒေသတွင်း အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေပြီဖြစ်ကြောင်း။

ပူးပေါင်းပါဝင်

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထာဝစဉ်တည်တံ့စေရေး၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကို အထောက်အကူပြုမည့် အစိမ်းရောင် စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအောင်မြင်အောင် ကြိုးပမ်းဖော်ဆောင်ရာတွင် **"ပတ်ဝန်းကျင်မပျက်ယွင်းစေသော အစိမ်းရောင် စီးပွားရေး၊ သင်တို့အားလုံး ပါဝင်ဆောင်ရွက်ပေး"** ဆိုသည့် ယခုနှစ် ဆောင်ပုဒ်နှင့်အညီ လူ့အဖွဲ့အစည်းအားလုံးတွင် ရှိနေကြသည့် လူသားအားလုံးတို့က တတ်စွမ်းသမျှ ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဒုတိယဌာနေကိုယ်စားလှယ် Mr.Akbar Usmani က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ကုလသမဂ္ဂ အခြေချနေထိုင်မှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr.Srinivasa Popuri က ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး Mr. Achim Steiner ၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ၂၀၁၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ၂၀၁၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အလွတ်တန်း စာစီစာကုံးပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယရရှိသူများအား လည်းကောင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် ဒုတိယဌာနေကိုယ်စားလှယ် Mr. Akbar Usmani က အလွတ်တန်း စာစီစာကုံးပြိုင်ပွဲ အထူးဆုရရှိကြသူများအားလည်းကောင်း ဆုများကိုပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော် ဒုတိယသမ္မတနှင့်ဧည့်သည်တော်များသည် ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများနှင့် စာအုပ်စာတမ်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

ဖျာပုံမြို့ အလင်းရောင်ပညာရေးအကျိုးဆောင်ကော်မတီမှ

ပညာသင်ကြားရေး ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

ဖျာပုံ ဇွန် ၅

ဖျာပုံမြို့ အလင်းရောင် ပညာရေးအကျိုးဆောင်ကော်မတီ၏ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ဆဋ္ဌမအကြိမ် ပညာသင်စရိတ်၊ ကျောင်းသုံးဖတ်စာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၇ ရက်က ဖျာပုံမြို့ အမှတ်(၁၅) ရွှေနတ်ကူဘုရားလမ်း ငြိမ်းချမ်းမင်္ဂလာခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုအမှာစကား

အခမ်းအနားတွင် အလင်းရောင် ပညာရေးအကျိုးဆောင်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်း(သတင်းထောက်)၊ ရပ်မိရပ်ဖ ဦးဝဏ္ဏရွှေ၊ ဦးမျိုးဝင်းနှင့် ဦးလှမျိုးတင့်တို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဒေါက်တာဦးသန်းဝင်း (မြန်မာစာတွဲဖက်ပါမောက္ခ)က ယနေ့ပညာရေးကဏ္ဍအရေးကြီးပုံတို့ကို ဟောပြောသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ကျောင်းသား ကျောင်းသူ ၂၂၅ ဦးတို့အား ကျောင်းဝတ်စုံ၊ ဖတ်စာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းအပ်နှံစရိတ်များကို တာဝန်ရှိသူတို့က တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မူဆယ်ခရိုင် ရဲတပ်ဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို မေ ၃၀ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံးခန်း၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင့်ရွှေ ကျောင်းသူတစ်ဦးအား သင်ထောက်ကူပစ္စည်းများ ပေးအပ်စဉ်။

(ခရိုင်ရဲတပ်ဖွဲ့)

မြန်မာ့ရုပ်မြင်သံကြား

၆-၆-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	နံနက်ခင်းသတင်း
၇း၄၀	သတ္တုဌာန(ရတနာဦး) တေးရေး-ဒဂုန်တာရာ

ညပိုင်း

၄း၄၀	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ဓာတုဗေဒ အထူးပြု)(ဓာတုဗေဒ)
၅း၀၅	International Science News
၆း၀၀	ညနေခင်းသတင်း
၆း၀၅	မိုးလေဝသအခြေအနေ
၆း၂၀	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၄၀	ရွှေရင်ခုန်သံ
၈း၀၀	ပြည်တွင်းသတင်း - နိုင်ငံတကာသတင်းများ - မိုးလေဝသအခြေအနေ

မြန်မာ့အလင်း **ဘဝအမောပြေ**

ရွေးချယ်လိုက်ပုံက **အာကာဟိန်း - ရေးသားသည်**

တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့ဆေးရုံပေါ်၌ နှလုံးအစားထိုးခွဲစိတ်ကုသခံရမည့် အသက်အရွယ်ကြီးရင့်နေသော လူနာအမျိုးသားကြီးတစ်ဦးကို ဆရာဝန်တစ်ဦးက မေးမြန်းလေသည်။

ဆရာဝန် ။ ။ **အန်ကယ့်ကိုမေးစရာရှိတယ်။**

လူနာ ။ ။ ဟုတ်ကဲ့

ဆရာဝန် ။ ။ **ဆေးရုံမှာ လှူဒါန်းထားတဲ့ နှလုံးနှစ်ခု ရရှိထားပါပြီ။**

လူနာ ။ ။ အန်ကယ့်ကို အဲဒီထဲက တစ်ခုလှူပါကွယ်။ အန်ကယ်လည်း အလှူအတန်းဝါသနာပါတဲ့သူပါပဲ။

ဆရာဝန် ။ ။ **အဲဒီအလှူရှင်တွေက သူတို့မသေခင်ကတည်းက နှလုံးလှူဒါန်းခဲ့သူတွေပါ။**

လူနာ ။ ။ ကျေးဇူးတင်လိုက်တာ။ ဒါနဲ့ဘယ်လိုလူမျိုးတွေလဲ. .

ဆရာဝန် ။ ။ **တစ်ဦးက စေတနာ့ဝန်ထမ်းလုပ်ငန်းတွေလုပ်တဲ့ လူငယ်တစ်ဦးနဲ့ နောက်တစ်ဦးက စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်ပါတယ်။**

လူနာ ။ ။ ဩော်. . . ဟုတ်လား။

ဆရာဝန် ။ ။ **အဲဒီလူနှစ်ဦးရဲ့နှလုံးနှစ်ခုထဲက ဘယ်နှလုံးနဲ့အစားထိုးကုသလိုပါသလဲ။**

လူနာ ။ ။ စီးပွားရေးလုပ်ငန်းရှင်ရဲ့နှလုံးနဲ့ အစားထိုးကုသချင်ပါတယ်။

ဆရာဝန် ။ ။ **အန်ကယ်က လှူဒါန်းတာ ဝါသနာပါတယ်ဆို၊ စေတနာ့ဝန်ထမ်းလူငယ်ရဲ့ နှလုံးကိုမယူဘဲ ဘာ့ကြောင့် စီးပွားရေးလုပ်ငန်းရှင်ရဲ့ နှလုံးကို ယူရတာလဲ။**

လူနာ ။ ။ ဩော်. . . ငွေရှိမှ လှူနိုင်မှာ မဟုတ်လားကွယ်။

ဆရာဝန် ။ ။ **"ဟောဗျာ"**

6-6 (03).pmd 1 6/6/2012, 2:10 AM

 နောက်ဆုံးရ နိုင်ငံတကာသတင်း မိုးမြင့်လင်းလက် – စုစည်းသည်

လေယာဉ်ထက်မြန်သောရထား ထုတ်လုပ်မည်

နယူးယောက် ဇွန် ၅

ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံအကြား လေယာဉ်တစ်စင်း၏ပျံသန်းမှုနှုန်းထက် ပိုမိုလျင်မြန်သောနှုန်းဖြင့် မောင်းနှင်နိုင်သော မြန်နှုန်းမြင့်ရထားအမျိုးအစားကို ထုတ်လုပ်ရန်စီစဉ်လျက်ရှိကြောင်း ဇွန် ၅ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အောက်ပုံ)**

အမေရိကန်နိုင်ငံ နယူးယောက်မြို့နှင့် ဗြိတိန်နိုင်ငံ လန်ဒန် မြို့အကြား ယခင်က အချိန်နှစ်နာရီခန့်ကြာ ရထားမောင်းနှင်မှုကိုလျှော့ချနိုင်မည်ဖြစ်ပြီး ၎င်းရထားဖြင့် နယူးယောက်မြို့မှ လန်ဒန်မြို့သို့ တစ်နာရီခန့်သာ မောင်းနှင်မည်ဖြစ်သည်။

တည်ဆောက်မည်

ယင်းရထားကို တစ်နာရီ မိုင် ၂၅၀၀ နှုန်းအထိ မောင်းနှင်နိုင်ရန် တည်ဆောက်မည်ဖြစ်ပြီး အသံထက်မြန်သော လေယာဉ်တည်ဆောက်မှုများကို အခြေခံကာ တည်ဆောက်မည်ဖြစ်သည်။ ၎င်းရထားသည် ဥရောပနှင့်မြောက်အမေရိကနိုင်ငံများ၏ ခရီးစဉ်အစအဆုံးအတွက် စုစုပေါင်း လေးနာရီခန့်သာ ကြာမည်ဖြစ်ရာ ဥရောပနှင့် မြောက်အမေရိကနိုင်ငံများမှ ခရီးသည်များအတွက် လိုရာခရီးကို အချိန်တိုအတွင်း ရောက်ရှိစေမည်ဖြစ်သည်။

ယင်းရထားတည်ဆောက်မှုကို အမေရိကန်နှင့် တရုတ်ပညာရှင်များအဖွဲ့က ဆောင်ရွက်မည်ဖြစ်ပြီး လာမည့် ၁၀ နှစ်အတွင်း တည်ဆောက်ပြီးစီးရေးအကောင်အထည်ဖော်သွားမည်ဖြစ်သည်။ **(အင်တာနက်)**



နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည်တစ်စင်း ပါကစ္စတန်နိုင်ငံက စမ်းသပ်ပစ်လွှတ်

အစ္စလမ္မာဘတ် ဇွန် ၅

ပါကစ္စတန်နိုင်ငံက ကီလိုမီတာ ၇၀၀ အကွာအဝေးကိုပစ်ခတ်နိုင်သော နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည်တစ်စင်းကို ဇွန် ၅ ရက် နံနက်က အောင်မြင်စွာ စမ်းသပ်ပစ်ခတ်နိုင်ခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်က သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

ဘာဘူရာအမည်ရှိ ၎င်းဒုံးကျည်သည် နျူကလီးယားထိပ်ဖူးအပြင် အခြားပဲ့ထိန်းဒုံးကျည်ထိပ်ဖူးများကိုလည်း တပ်ဆင်သယ်ဆောင်သွားနိုင်မည့် စွယ်စုံသုံး ဒုံးကျည်အမျိုးအစားဖြစ်သည်။ ဘာဘူရာအမည်ရှိ ၎င်းဒုံးကျည်သည် အနိမ့်မှပျံသန်းနိုင်ပြီး ရေဒါမှကင်းလွတ်အောင် ဖြတ်သန်းကာ ပစ်မှတ်ကို တိုက်ရိုက်ထိမှန်နိုင်သည့် စွမ်းရည်ရှိသည်။

အဆိုပါဒုံးကျည်ကို ပါကစ္စတန်နိုင်ငံ စစ်ဘက်ဒုံးပစ်စင်မှပစ်လွှတ်လိုက်ခြင်းဖြစ်သည်။ ၎င်းဒုံးကျည်ကို ပါကစ္စတန်သိပ္ပံပညာရှင်များက ခေတ်မီနည်းစနစ်များဖြင့် ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ပါကစ္စတန်နိုင်ငံလုံခြုံရေးအတွက်ဖြစ်ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

ယခု ဘာဘူရာဒုံးကျည် အောင်မြင်စွာစမ်းသပ်ပစ်လွှတ်နိုင်ခြင်းသည် ပါကစ္စတန်သိပ္ပံပညာရှင်များနှင့် အင်ဂျင်နီယာများအတွက် အောင်မြင်မှုတစ်ရပ်ဖြစ်ပြီး ပါကစ္စတန်နိုင်ငံ၏လုံခြုံရေးအတွက် အထောက်အကူဖြစ်စေခဲ့ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ဂျပန်တောင်ပိုင်းကမ်းခြေတွင် ကြယ်ငါးအကောင်ရေ ၈၀၀ ကျော်တွေ့ရှိ

တိုကျို ဇွန် ၅

ဂျပန်နိုင်ငံတောင်ပိုင်း ကမ်းခြေတစ်ခုပေါ်တွင် ကိုယ်ခန္ဓာအပေါ်ပိုင်း၌ စူးများပါရှိသော ကြယ်ငါးအများအပြားကို တွေ့ရှိခဲ့ရကြောင်း ဂျပန်သုတေသနပညာရှင်များက ဇွန် ၅ ရက်တွင် ပြောကြားသည်။

အဆိုပါကြယ်ငါးများကို ဂျပန်နိုင်ငံတောင်ပိုင်း အီရှိုဂါကီကျွန်းသဲသောင်ကမ်းခြေ မီတာ ၃၀၀ ခန့်ပေါ်တွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ တွေ့ရှိရသည့် ငါးအရေအတွက်မှာ အကောင် ၈၀၀ ကျော်ဖြစ်ကြောင်း ၎င်းတို့ကပြောကြားသည်။

ဂျပန်နိုင်ငံတောင်ပိုင်းတွင် ကြယ်ငါးများတွေ့ရှိမှုမှာ ၂၀၀၉ ခုနှစ်က ပထမဆုံးအကြိမ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က တွေ့ရှိခဲ့သည့်ကြယ်ငါးများမှာ အကောင်ငယ်များဖြစ်ပြီး အီရှိုဂါကီကျွန်းအနီး သန္တာကျောက်တန်းများပေါ်၌ဖြစ်သည်။ သန္တာကျောက်တန်းများပေါ်တွင် နေထိုင်ကျက်စားလေ့ရှိသော ကြယ်ငါးများသည် သန္တာကောင်များ၏ ဖမ်းယူစားသုံးခြင်းဒဏ်ကို ခံရသဖြင့် လွန်ခဲ့သည့် သုံးနှစ်ခန့်မှ စတင်ကာ ကမ်းခြေဒေသသို့ ရွှေ့ပြောင်းနေထိုင်လာခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ **(ယာပုံ)**

ထို့ပြင် ကြယ်ငါးများအနေဖြင့် ၎င်းတို့စားသုံးသော အစားအစာဖြစ်သည့် သဘာဝရေမှော်၊ ရေညှိများနှင့်အလွန်သေးငယ်သော ရေနေသတ္တဝါများ ရှားပါးလာသဖြင့် ကမ်းခြေသို့တဖြည်းဖြည်းပြောင်းရွှေ့ရောက်ရှိခြင်းဖြစ်နိုင်ကြောင်း ဂျပန်သုတေသနပညာရှင်များက သုံးသပ်လျက်ရှိသည်။ **(အင်တာနက်)**



 နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

လိုဂါပြည်နယ်အတွင်းတိုက်ပွဲ တာလီဘန်သုံးဦးသေဆုံး

ကဘူးလ် ဇွန် ၅

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော် တောင်ဘက် လိုဂါပြည်နယ်အတွင်း အစိုးရတပ်ဖွဲ့ဝင်များနှင့် တာလီဘန်အကြမ်းဖက်သမားများ ဇွန် ၄ ရက်က တိုက်ပွဲဖြစ်ပွားသဖြင့် တာလီဘန်သုံးဦးသေဆုံးပြီး အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်ငါးဦးအပါအဝင် ကိုးဦးဒဏ်ရာရရှိသွားကြောင်း ဒေသခံတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **(ယာပုံ)**

ဒဏ်ရာရသွား

တာလီဘန်တို့က လိုဂါပြည်နယ် ချတ်ခရိုင်အတွင်း ပုံမှန်ကင်းလှည့်လာသည့် အာဖဂန်တပ်ဖွဲ့ဝင်များအား ချုံခိုတိုက်ခိုက်သဖြင့် တပ်ဖွဲ့ဝင်ငါးဦးဒဏ်ရာရသွားသည်။

အာဖဂန်တပ်ဖွဲ့ဝင်များက နေတိုးစစ်ကူတောင်းကာ တိုက်ခိုက်သဖြင့် တာလီဘန်သုံးဦး သေဆုံးခဲ့ကြောင်း သိရသည်။ အရပ်သား လေးဦးလည်း ဒဏ်ရာရရှိသွားသည်ဟု ချတ်ခရိုင်အုပ်ချုပ်ရေးမှူး ဟာမာယွန်ဖာရွတ်က ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်တစ်ဝန်း လေးရက်အတွင်း စစ်ဆင်ရေးတွင် ၄၄ ဦးသေဆုံး

ကဘူးလ် ဇွန် ၅

အာဖဂန်နစ္စတန်နိုင်ငံ၌ ဇွန် ၁ ရက်မှ ၄ ရက်အတွင်း တာလီဘန်တို့နှင့် ဆက်နွယ်အကြမ်းဖက်မှုနှင့် တန်ပြန်ပုန်ကန်မှုတို့ကြောင့် လူပေါင်း ၄၄ ဦး သေဆုံးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဇွန် ၄ ရက်က ကဘူးလ်မြို့၏ပြင်ပ၌ စစ်ဘက်ယာဉ်ကို ဦးတည်ဖောက်ခွဲသည့် လမ်းဘေးဗုံးကြောင့် အပြစ်မဲ့အရပ်သားနှစ်ဦး သေဆုံးသည်ဟု ကဘူးလ်မြို့ရဲတပ်ဖွဲ့က ပြောကြားသည်။ ထိုနေ့ကပင် လိုဂါပြည်နယ် တိုက်ပွဲဖြစ်ပွားစဉ် တာလီဘန်အကြမ်းဖက်သမားသုံးဦးသေဆုံးခဲ့သည်။

သေဆုံးခဲ့

ဇွန် ၃ ရက် စောစောပိုင်းက အာဖဂန်လုံခြုံရေးတပ်များနှင့် တာလီဘန်တို့ တိုက်ပွဲဖြစ်ပွားစဉ် အကြမ်းဖက်သမားငါးဦးသေဆုံးသည်။ ဇွန် ၃ ရက်တွင် ကာဒါရှန်ပြည်နယ် တာလီဘန်တို့ခိုအောင်းသည့်နေရာကို လုံခြုံရေးတပ်ဖွဲ့ဝင်များ စီးနင်းတိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမားရှစ်ဦး သေဆုံးခဲ့သည်။ အက်ဂရိုခရိုင် စီးနင်းမှုတွင် လက်နက်ကိုင်ရှစ်ဦးသေဆုံးသည်။ ၂၄ နာရီအတွင်း အခြားတိုက်ခိုက်မှုများ၌ အကြမ်းဖက်သမား ၁၈ ဦးသေဆုံးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဇွန် ၄ ရက်တွင် ကြေညာသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့၌ အသေခံဗုံးခွဲတိုက်ခိုက်

ဘဂ္ဂဒက် ဇွန် ၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အစိုးရအဆောက်အအုံအနီးတွင် အသေခံဗုံးခွဲသူတစ်ဦးက ဇွန် ၄ ရက်တွင် ကားဗုံးခွဲတိုက်ခိုက်သဖြင့် အနည်းဆုံး ၁၈ ဦး သေဆုံးပြီး ၁၂၅ ဦး ဒဏ်ရာရရှိသွားသည်။ **(ဝဲပုံ)**

ဘဂ္ဂဒက်မြို့လယ်မြောက်ပိုင်း ဒက်အယ်မွာဒမ်ခရိုင် ရှီးယိုက်ရုံးများကိုဦးတည်ပြီး ကားဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သည်ဆို၏။

မေ ၃၁ ရက်ကလည်း ဘဂ္ဂဒက်မြို့ သုံးလေးနေရာတွင် သုံးနာရီကျော်အတွင်း ဗုံးခွဲတိုက်ခိုက်မှုများကြောင့် အနည်းဆုံး ၁၄ဦး သေဆုံးပြီး ဒါဇင်များစွာ ဒဏ်ရာရသည်ဟု အီရတ်ရဲတပ်ဖွဲ့က ကြေညာသည်။ ယင်းတိုက်ခိုက်မှုများမှာ မည်သည့်အဖွဲ့အစည်း၏ လက်ချက်ဖြစ်ကြောင်း တိတိကျကျ မသိရဟုဆိုသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၅-၆-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

တရုတ်စက်မှုကုမ္ပဏီတစ်ခုက ကမ္ဘာ့အကြီးဆုံးမြေတူးစက်ထုတ်လုပ်

တရုတ်နိုင်ငံမြောက်ပိုင်း ကျောက်မီးသွေးအလျှံပယ်ထွက်သည့် ရှန်ဇီပြည်နယ်ရှိ အကြီးစားစက်မှုထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက ကမ္ဘာ့အကြီးဆုံး မြေတူးစက်တစ်ခုကို ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း ၎င်းကုမ္ပဏီမှ တာဝန်ရှိသူများက ဇွန် ၅ ရက်တွင် ပြောကြားသည်။ WK-75 အမည်ရှိ အဆိုပါမိုင်းတွင်းတူးဖော်စက်ကြီးသည် ၂၃ ဒသမ ၅ မီတာရှည်လျားပြီး အလေးချိန် တန် ၂၀၀၀ ရှိကာ တစ်နာရီလျှင် ကျောက်မီးသွေး တန်ပေါင်း ၁၂၀၀၀ တူးဖော်နိုင်ကြောင်း တိုင်ယွမ်အကြီးစားစက်မှုလုပ်ငန်းအုပ်စုကုမ္ပဏီ ဥက္ကဋ္ဌ ဝမ်ချောင်မင်းက ပြောကြားခဲ့သည်။ ယင်းမြေတူးစက်သည် ဘတ်စကက်ကွင်းအရွယ်အစားမျှရှိပြီး ကမ္ဘာ့အဆင့်မြင့်ဆုံး အီလက်ထရွန်းနစ်ပစ္စည်းများနှင့် စောင့်ကြည့်စစ်ဆေးရေးစနစ်များကို တပ်ဆင်ထားကြောင်း ဝမ်ချောင်မင်းက ဆက်လက်ပြောကြားခဲ့သည်။

ဒုံးကျည်ပစ်ခတ်နိုင်သည့် စစ်သင်္ဘောများ အီရန်ရေတပ်တိုးမြှင့်မည်

အီရန်နိုင်ငံရေတပ်အတွက် ဒုံးကျည်တပ်ဆင်ပစ်ခတ်နိုင်သည့် စစ်သင်္ဘောများ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း အီရန်ရေတပ်စုမှူး ရဲယားအက်မီရယ်ဟောဘီဘောလတ်စေယာရီက ပြောကြားခဲ့ကြောင်း ဇွန် ၅ ရက်၌ အင်တာနက်သတင်းတွင် ဖော်ပြသည်။ အီရန်ရေတပ်အတွက် ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများနှင့် ဒုံးကျည်တပ်ဆင်ပစ်ခတ်နိုင်သည့် စစ်သင်္ဘောများအပါအဝင် ရေတပ်အတွက်

လိုအပ်သော ပစ္စည်းအစိတ်အပိုင်းများအားလုံးကို ယခုလကုန်ပိုင်းတွင် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။ အီရန်ရေတပ်ဖွဲ့များသည် အဆိုပါ လိုအပ်သည့်ပစ္စည်းကိရိယာအားလုံးထုတ်လုပ်ရန်အတွက် အသင့်ဖြစ်နေပြီဖြစ်ကြောင်း နိုင်ငံတောင်ပိုင်း ဆာဂျန့်မြို့တွင် ပြုလုပ်သည့် ရေတပ်အရာရှိများ ဆွေးနွေးပွဲတစ်ရပ်တွင် စေယာရီက ထိုကဲ့သို့ တက်ရောက်ပြောကြားခဲ့ခြင်းဖြစ်သည်။ *(ဝဲပုံ)*

ပါကစ္စတန်တွင် ဘတ်စ်ကားတစ်စီး မြောင်းထဲထိုးကျ၍ ၂၅ ဦးသေဆုံး

ပါကစ္စတန်နိုင်ငံမြောက်ပိုင်းတွင် မင်္ဂလာလက်ထပ်ပွဲအခမ်းအနားတစ်ခုသို့သွားသည့် အဖွဲ့များအား တင်ဆောင်လာသော ဘတ်စ်ကားသည် မြောင်းတစ်ခုအတွင်းသို့ ထိုးကျမှုကြောင့် ၂၅ ဦး သေဆုံးပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိတစ်ဦးက ဇွန် ၄ ရက်တွင် ပြောကြားခဲ့သည်။

ဖြစ်ပွားမှုမှာ အဆိုပါဘတ်စ်ကားသည် ခရီးသည် ၁၀၀ ခန့်အား တင်ဆောင်လာပြီး ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့ အရှေ့တောင်ပိုင်း ကီလိုမီတာ ၇၀ ခန့်အကွာ ကာဟတ်တာမြို့ရှိ မင်္ဂလာလက်ထပ်ပွဲအခမ်းအနားတစ်ခုသို့သွားပြီး ပြန်အလာ ဇွန် ၃ ရက် ညနေပိုင်းက ချောက်တစ်ခုအတွင်းသို့ ထိုးကျခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာအရာရှိတစ်ဦးဖြစ်သည့် မိုဟာမက်ဇီယာက ပြောကြားခဲ့သည်။ ဒဏ်ရာရသူ ဒါဇင်ပေါင်းများစွာတို့အား ကာဟတ်တာမြို့ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ ***(အင်တာနက်)***

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်

ရှမ်းပြည်နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၅

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၁၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံ နက် ၈ နာရီခွဲတွင် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ထသိမ်ကန်ကြိုးဝိုင်း၌ကျင်းပရာ ပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က ပျိုးပင်များကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အထိမ်းအမှတ်သစ်ပင်များ စိုက်ပျိုးပေးကြပြီး သစ်ပင်များစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် နားယောင်းရေထွက်မှ တိုးချဲ့ရေပေးဝေရေး ရေကန်ဆောက်လုပ်နေမှု၊ ဆင်နှစ်ကောင်ရေစုကန်နှင့်ရေစက်ဆောက်လုပ်နေမှု၊ ရေပိုက်လိုင်းသွယ်တန်းမှုနှင့် သံမဏိပိုက်လိုင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပလီလင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှင့် နားယောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့၌ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး တောင်ကြီးမြို့ ရတနာသီရိရပ်ကွက် အုတ်ဖိုရေလှောင်ကန်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးဌေးအောင်အား ဂျပန်နိုင်ငံမှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇွန် ၅

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်အား ဂျပန်နိုင်ငံ All Nippon Airways (ANA) Co., Ltd. မှ Senior Executive Vice President , Mr. Hayao HORA ၊ Vice President, Mr. Mitsuo TOMITA၊ Director, Mr. Minoru HONDA နှင့် Mr. Toshinori HAMADA တို့ ဦးဆောင်သည့်အဖွဲ့ဝင်ရှစ်ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး ဂျပန်နိုင်ငံ တိုကျိုမြို့ နာရီတာလေဆိပ်မှ မြန်မာနိုင်ငံ ရန်ကုန်မြို့ ခရီးစဉ်အား တိုက်ရိုက်ပျံသန်း ပြေးဆွဲမည့် အခြေအနေ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေးနှင့် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်း၌ ထပ်မံရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့်အခြေအနေတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာပေဗိမာန်ထုတ် သုတပဒေသာစာစောင်ဖြန့်ချိ

ရန်ကုန် ဇွန် ၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ဇွန်လထုတ် သုတပဒေသာ စာစောင် အတွဲ(၃၉) အမှတ်(၆)ကို ဘာသာပြန်စာပေ စိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုလထုတ်သုတပဒေသာစာစောင်တွင် စာရေးဆရာများ၏ ဘာသာပြန်ကဗျာ၊ ဝတ္ထုနှင့် ဆောင်းပါးများ၊ ဗဟုသုတဖြစ်ဖွယ်၊ သိမှတ်ဖွယ် သုတရသအကြောင်းအရာမျိုးစုံ ပါဝင်သည်။

ဆက်သွယ်ဝယ်ယူနိုင်

အဆိုပါသုတပဒေသာ စာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၁၂၀၀ နှုန်းဖြင့် နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန်အရောင်းဌာန အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း(၀၁-၂၄၉၀၃၁)သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။ **(သတင်းစဉ်)**

သစ်ကိုင်းခုတ်ရာမှ ဓာတ်အားလိုင်းကြိုးထိ ခုတ်လှဲသူဓာတ်လိုက်သေဆုံး

ဖျာပုံ ဇွန် ၅

ဖျာပုံမြို့နယ် မမိုးရွာကျေးရွာနေ ဘဲမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုစိုး အသက် ၂၆ နှစ်သည် ဇွန် ၁ ရက် ည ၉ နာရီခန့်က နေအိမ်ဘဲခြံ၌ အသုံးပြုရန်အတွက် မမိုးရွာကျေးရွာအနီး ဖျာပုံ-ဘိုကလေးကားလမ်း၌ သွယ်တန်းထားရှိသော KV-33 ဓာတ်အားလိုင်းကြိုးအနီးရှိ ယူကလစ်ပင်တန်းမှ သစ်ကိုင်းများ ခုတ်လှဲစဉ် ဓာတ်အားလိုင်းကြိုးပေါ်သို့ သစ်ကိုင်းများ ထိချိတ်သွားရာမှတစ်ဆင့် ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ **(၀၇၇)**

မြန်မာ့အလင်း မှုခင်းသတင်း မှုခင်းသတင်း

အရက်မူးမူးဖြင့် လှေလှော်ခတ်ရာက ရေထဲပြုတ်ကျသေဆုံး

မော်လမြိုင်ကျွန်း ဇွန် ၅

မော်လမြိုင်ကျွန်းမြို့နယ် မိချောင်းခေါင်းကျေးရွာ မြစ်ကမ်းနံဘေး၌ ဇွန် ၄ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က အမျိုးသားတစ်ဦးသေဆုံးနေကြောင်း သတင်းရရှိသဖြင့် မော်လမြိုင်ကျွန်းရဲစခန်းမှ ရဲအုပ်ကြည်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဂုံညှင်းတန်းကျေးရွာနေ ဦးဝင်းမြင့် အသက် ၄၃ နှစ်သည် အရက်အလွန်အကျွံသောက်ပြီး လှေလှော်ခတ်ရာမှ ရေထဲပြုတ်ကျ သေဆုံးခြင်းဖြစ်ကြောင်း၊ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ်သိရှိရန် မော်လမြိုင်ကျွန်းရဲစခန်းမှ စစ်ဆေးအရေးယူထားရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လှိုင်မြို့နယ်တွင် ဓာတ်လိုက်၍လူတစ်ဦးသေဆုံး

ရန်ကုန် ဇွန် ၅

ဇွန် ၅ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်အချိန်၌ ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ် ၁၃ ရပ်ကွက် ပန်းခြံကျောင်းလမ်းရှိ ဖိနပ်ဂိုဒေါင်၌ အလုပ်လုပ်ကိုင်သူ မောင်ဇော်မျိုးထက် အသက် ၁၈နှစ် အမှတ်(၅၄) ဘုရားလေးလမ်း သန်လျင်မြို့နယ်နေသူသည် ဖိနပ်ဂိုဒေါင်၏ အမိုးကိုတက်၍ဖာရာ လျှောကျပြီး ဓာတ်ကြိုးကို ကိုင်မိရာမှ ဓာတ်လိုက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါဓာတ်လိုက်မှုကြောင့် မောင်ဇော်မျိုးထက်မှာ ဒဏ်ရာများရရှိခဲ့ပြီး ဆေးရုံသို့တင်ပို့ရာ လမ်း၌သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။ **(၁၂၂)**

လယ်ယာလုပ်ငန်းခွင်မှ လယ်လုပ်သားသုံးဦး မိုးကြိုးထိမှန်ပြီး သေဆုံး

သာပေါင်း ဇွန် ၅

သာပေါင်းမြို့နယ် ကညင်ပင်ကျေးရွာနေ ဦးစန်းလွင်၏ လယ်ကွင်းအတွင်း၌ ဇွန် ၂ ရက် နံနက် ၇ နာရီတွင် လယ်ယာလုပ်ငန်းခွင်ပြင်ဆင်နေကြသော ထန်းပင်ကွင်းကျေးရွာနေသူ ဦးသန်းထွန်း အသက် ၅၃ နှစ်၊ ဝဲဒေါင့်ကျေးရွာနေ ဦးဇော်ဝင်း အသက် ၄၃ နှစ်၊ ဦးမြင့်ကျော်ဦး အသက် ၃၄ နှစ်တို့သုံးဦးသည် ရုတ်တရက် မိုးထစ်ချုန်းရွာသွန်းပြီး မိုးကြိုးပစ်ရာမှ မိုးကြိုးထိမှန်သေဆုံးသွားကြောင်း သိရှိရသည်။ **(၀၇၇)**

မြင့်မောင်စိုး – စုစည်းသည်

ကန်ဂေါက်သီးမယ်လီဝစ် အယ်လ်ပီဂျီအေဖလားဆွတ်ခူး

နယူးဂျာစီ ဇွန် ၅

အမေရိကန်ဂေါက်သီး အားကစားမယ် စတန်စီလီဝစ်သည် ဇွန် ၄ ရက်က အမေရိကန်နိုင်ငံ နယူးဂျာစီမြို့ ဂေါ်လိုဝေး အပန်းဖြေဂေါက်ကလပ်၌ ကျင်းပသော အယ်လ်ပီဂျီအေ အမျိုးသမီးဂေါက်သီးရိုက်အားကစားပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျှော့ရိုက်ပြီး ဖလားဆွတ်ခူးသွားခဲ့သည်။ ***(အပေါ်ပုံ)***

လီဝစ်သည် နောက်ဆုံးနေ့က ၇၁ ချက်ရိုက်ပြီး Shoprite အယ်လ်ပီဂျီအေဖလားနှင့်အတူ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း ဆွတ်ခူးရရှိသွားခဲ့သည်။ လီဝစ်သည် ၅၄ ကျင်းကစားပြီး စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက် လျှော့ ရိုက်နိုင်ခဲ့သည်။ ၄င်းသည် စုစုပေါင်း ၂၀၁ ချက်သာ ရိုက်ခဲ့သည်။ ဩစတြေးလျမှ ကက်သရင်းဟူးလ်က ၂၀၅ ချက်ဖြင့် ဒုတိယလိုက်ခဲ့သည်။ ၄င်းသည် နောက်ဆုံးလေးကျင်းတွင် ဘာဒီသုံးကြိမ်ရခဲ့သည်။ ၄င်း၏နောက်မှ မီကာ မီယာဇာတိုက တတိယလိုက်ခဲ့သည်။ လီဝစ်သည် ယင်းပွဲတွင် အနိုင်ရဗိုလ်စွဲလိုက်၍ ကမ္ဘာ့အဆင့် ၇ မှ အဆင့် ၃ သို့ တက်ရောက်သွားပြီဖြစ်သည်။ ***(အင်တာနက်)***

ကမ္ဘာကျော်ဂေါက်သီးသမား တိုက်ဂါးဝုဒ် (၇၃)လုံးမြောက် ဖလားဆွတ်ခူး

အိုဟိုင်းယိုး ဇွန် ၅

ကမ္ဘာကျော်ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်သည် အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် ဒူဘလင်မြို့၌ကျင်းပသော ပီဂျီအေမီမိုရီရယ် ဂေါက်သီးရိုက်အားကစားပြိုင်ပွဲတွင် ဇွန် ၄ ရက်က နောက်ဆုံးလေးကျင်းတွင် ဘာဒီသုံးကြိမ်ရပြီး ဖလားဆွတ်ခူးရရှိသွားခဲ့သည်။ **(ယာပုံ)**

အဆိုပါပီဂျီအေဖလားသည် တိုက်ဂါးဝုဒ်အတွက် (၇၃)လုံးမြောက် ဖလားဖြစ်သည်။ ၄င်းသည် နောက်ဆုံးနေ့က ၆၇ ချက် ရိုက်ပြီး ငါးချက်လျှော့ရိုက်နိုင်ခဲ့သည်။

၄င်းသည် စုစုပေါင်း ၇၂ ကျင်းတွင် စုစုပေါင်း ၂၇၉ ချက်ရိုက်ပြီး ကိုးချက်လျှော့ရိုက်နိုင်ခဲ့သည်။ တိုက်ဂါးဝုဒ်သည် ယင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်အာဖရိကမှ ဆက်ဘာတီနီနှင့် အာဂျင်တီးနားမှ ရိုမီယိုတို့ထက် နှစ်ချက်အသာရပြီး ဖလားဆွတ်ခူးသွားခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးကစားသမားဟောင်း တိုက်ဂါးဝုဒ်သည် အဓိကဖလား ၁၄ လုံးဆွတ်ခူးထားပြီဖြစ်သည်။ ဂေါက်သီးသမိုင်းတွင် အဓိကဖလား ၁၈ လုံးအထိ ဆွတ်ခူးထားသည့် နစ်ကလောက်၏စံချိန်ကို အမီလိုက်ရန် ကြိုးစားလျက်ရှိသည်။ **(အင်တာနက်)**

ဒိုင်းမွန်းလိဂ် မီတာ ၅၀၀၀ ပြေးပွဲ မိုးဖာရပ်ချ်အနိုင်ရဗိုလ်စွဲ

အော်ရီဂွန် ဇွန် ၅

ဗြိတိန်အပြေးသမား မိုးဖာရပ်ချ်သည် ဇွန် ၄ ရက်က အီတလီနိုင်ငံ ရောမမြို့၌ ကျင်းပသော ဒိုင်းမွန်းလိဂ်ပြေးခုန်ပစ်အားကစားပြိုင်ပွဲ အမျိုးသားမီတာ ၅၀၀၀ ပြေးပွဲတွင် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

မိုးဖာရပ်ချ်သည် အဆိုပါ မီတာ ၅၀၀၀ ပြေးပွဲတွင် စံချိန် ၁၂ မိနစ် ၅၆ ဒသမ ၉၈ စက္ကန့်ဖြင့် ပန်းဝင် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ၄င်းသည် အီသီယိုးပီးယားမှ လက်ရှိချန်ပီယံ ဘီကီလီကို ကျော်ဖြတ်ပြီး ပန်းဝင်ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

ပန်းဝင်ခဲ့

ဘီကီလီသည် ယင်းပြိုင်ပွဲတွင် စတုတ္ထဆုသာ ရရှိခဲ့သည်။ ပြိုင်ပွဲတွင် ကင်ညာမှ အီဆာကို့ချ်က ဒုတိယနှင့် အမေရိကန်မှ ဂါလင်ရုပ်က တတိယ အသီးသီးပန်းဝင်ခဲ့ကြသည်။ **(အင်တာနက်)**

လိုင်လီကွင်းလယ်ကစားသမား ချယ်လ်ဆီးအပြီးသတ်ခေါ်ယူ

လိုင်လီကွင်းလယ်ကစားသမား ဒီဒန်ဟာဇက်။

လန်ဒန် ဇွန် ၅

ပြင်သစ်ကလပ် လိုင်လီမှ အသက် ၂၁ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဒီဒန်ဟာဇက်အား ချယ်လ်ဆီးအသင်းက အပြီးသတ်ခေါ်ယူရန် သဘောတူညီလိုက်ပြီဖြစ်သည်။

သဘောတူညီ

ဘယ်လ်ဂျီယံကစားသမား ဟာဇက်အား ချယ်လ်ဆီးတွင် ဆေးစစ်ဆေးပြီးသွားပြီဖြစ်သည်။ ၄င်းလူငယ်ကစားသမားကို ချယ်လ်ဆီးက ပေါင် ၃၂ သန်းဖြင့် စာချုပ်ရန် သဘောတူညီလိုက်ခြင်းဖြစ်သည်။ ဟာဇက်သည် ၂၀၁၀-၂၀၁၁ ရာသီအတွင်း လိုင်လီအသင်းနှင့်အတူ လိဂ်ဖလားနှစ်လုံး ဆွတ်ခူးပေးနိုင်ခဲ့သည်။ ပြီးခဲ့သည့် ပြင်သစ် ပထမတန်းပြိုင်ပွဲတွင် လိုင်လီအသင်းအတွက် ၄၈ ပွဲ ပါဝင်ကစားခဲ့ပြီး ၂၀ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ၄င်းသည် ၂၀၁၂ ခုနှစ်အတွက် ပြင်သစ်ပထမတန်း၌ အကောင်းဆုံးဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ ဟာဇက်သည် ၂၀၁၀ ခုနှစ်က ပြင်သစ်ပထမတန်း၌ လူငယ်အကောင်းဆုံး ဘောလုံးသမားဆုကို ဒုတိယအကြိမ်အဖြစ် ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

သမဝါယမလက်ကားဆိုင်များပေါ်ထွန်းလာစေရန် မတည်ရင်းနှီးငွေထုတ်ချေးမည် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး တစ်ဦးနှင့်တစ်ဦး ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇွန် ၅

ဆင်းရဲမှုလျှော့ချရေးအတွက် လိုအပ်ချက်တစ်ရပ်ဖြစ်သော အရင်းအနှီးမတည်ငွေချို့တဲ့နေမှုအား ဖြည့်ဆည်းပေးရန် အများပိုင် ငွေရေးကြေးရေးကုမ္ပဏီကြီးများ၊ ငွေစုငွေချေးကုမ္ပဏီကြီးများ ကျယ်ပြန့်စွာ မပေါ်ပေါက်သေးမီ သမဝါယမစနစ်ဖြင့် ငွေစုငွေချေးလုပ်ငန်းများ၊ အသေးစား တစ်ပိုင်တစ်နိုင်နှင့် အဖွဲ့ပိုင်လုပ်ငန်းငယ်များ ပေါ်ထွန်းလာစေရန် ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်းဖြင့် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်/ကျေးရွာ ၁၄ခုတို့မှ အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာသူ ကျေးရွာသားများ၊ ဈေးသမဝါယမအသင်းသားများနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သမဝါယမစနစ်ဖြင့် အခြေခံစားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ၊ လယ်ယာကုန်ထုတ် သမဝါယမအသင်းများအတွက် လယ်ယာသုံးပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစသည့် သွင်းအားစုများ၊ အထောက်အကူပစ္စည်းများကို အဓိကရောင်းချမည့် သမဝါယမလက်ကားအသင်းဆိုင်များ ပေါ်ထွန်းလာစေရန် မတည်ရင်းနှီးငွေများကို ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရပ်ကွက်၊ ကျေးရွာသူ ကျေးရွာသားများအနေဖြင့် မိမိရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဦးနှင့်တစ်ဦး စိတ်တူကိုယ်တူ ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြကာ အခက်အခဲများကို ဝိုင်းဝန်းတိုင်ပင်ဆွေးနွေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ ကွင်းဆင်းဖွဲ့စည်းရေး အဖွဲ့များသည် နေပြည်တော် ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက်၊ အောင်ဇေယျရပ်ကွက်၊ ကျည်တောင်၊ ကျွန်းချောင်း၊ သာစည်၊ ကျောက်ချက်၊ ရေဆင်း၊ မအူတော၊ သစ်တပ်၊ သက်နှင်းအင်း၊ ခေတ်အေး၊ နန်းဩ၊ စည်ပင်ကြီးနှင့် သာယာကုန်းကျေးရွာအုပ်စုများရှိ ကျေးရွာများ၌ ကျေးလက်သမဝါယမ လုပ်ငန်းများနှင့် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် နေပြည်တော် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်/ကျေးရွာ (၁၄)ခုတို့မှ အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာသူ ကျေးရွာသားများ၊ ဈေးသမဝါယမအသင်းသားများနှင့် တွေ့ဆုံရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ဗြိတိန်နိုင်ငံ အထက်လွှတ်တော်အမတ်နှင့် ပြည်ပဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ဗြိတိန်နိုင်ငံ အထက်လွှတ်တော်အမတ် Mr. Lord Powell သည် ဗြိတိန်သံအမတ်ကြီး Mr. Andrew Heyn နှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး(ဝဲပုံ) မြန်မာနိုင်ငံအစိုးရ၏နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များအား ဥရောပသမဂ္ဂက ကြိုဆိုအသိအမှတ်ပြုသည့်အခြေအနေများ၊ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးအား United Overseas Bank Limited ဒုတိယဥက္ကဋ္ဌနှင့် CEO Mr. Wee Ee Cheong နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ဘဏ်လုပ်ငန်းကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အစီအစဉ်များ၊ နည်းပညာအကူအညီပေးရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးကြီးမည့် သတိပေးချက်

နေပြည်တော် ဇွန် ၅

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေသည့်အပြင် အထက်လေထုလွှာအတွင်း အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်း၏အရှိန်ကြောင့် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍ မိုးကြီးနိုင်ကြောင်း သိရှိရသည်။

(မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)

တောင်ပိုင်းဒေသများ မိုးပိုလာမည်

နေပြည်တော် ဇွန် ၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မာန်အောင်မြို့တွင် ၃ ဒသမ ၈၆ လက်မ၊ စဥ့်ကိုင်မြို့တွင် ၃ ဒသမ ၇၈ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၄၃ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ရွှေစာရံမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ စဥ့်ကူးမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ဝမ်းတွင်းမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ ပေါက်မြို့တွင် ၂ ဒသမ ၃၂ လက်မ၊ စစ်ကိုင်းမြို့တွင် ၂ ဒသမ ၀၆ လက်မ၊ မြောက်ဦးမြို့နှင့် ကိုကိုးကျွန်းမြို့တို့တွင် ၂ ဒသမ ၀၉ လက်မ၊ မုံရွာမြို့တွင် ၁ ဒသမ ၉၃ လက်မနှင့် ကျောက်ဆည်မြို့တွင် ၁ ဒသမ ၇၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၅

ရန်ကုန်မြို့ ငွေသော်တာဂေါက်ကွင်းတွင် ဦးညီညီလင်း (MD- အေးငြိမ်းသာကုမ္ပဏီ၊ ဘုရင့်နောင်ပွဲရုံ)သည် ကျင်းအမှတ်(၇) (Par-3) ၁၄၃ ကိုက်အကွာမှ Srixon Soft Feel-3 ကို Tcylarmade Iron-3 ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ ကစားဖော်များအဖြစ် ဦးတိုးအောင် (အား/ကာ)၊ ဦးအောင်ကျော်ဦး၊ ဦးသန်းဝင်း၊ ဦးဇော်ထွေး (ဘုရင့်နောင်ပွဲရုံ)တို့ ပါဝင်ကစားကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ရေစကြိုမြို့၌ လေးနာရီကြာမိုး ၃ ဒသမ ၃၅ လက်မရွာသွန်း

ရေစကြို ဇွန် ၅

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် ဇွန် ၄ ရက် ညနေ ၆ နာရီခွဲမှ ည ၁၀ နာရီအထိ ရွာသွန်းခဲ့သော မိုးမှာ ၃ ဒသမ ၃၅ လက်မဖြစ်ကြောင်း သိရှိရသည်။

မြို့နယ်အတွင်း မိုးရေချိန်စခန်းသုံးခုရှိပြီး ရေစကြိုမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ ငွေးဂုဏ်ကျေးရွာအုပ်စုတွင် ၀ ဒသမ ၇၅ လက်မ၊ စည်သာအုပ်စုတွင် ၁ဒသမ၂၀ လက်မ အသီးသီးရွာသွန်းခဲ့သဖြင့် မိုးနှမ်း၊ မိုးမြေပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံ စိုက်ခင်းများအတွက် အကျိုးများခဲ့ပြီး ကျွဲ၊ နွားစာများအတွက် အထောက်အကူဖြစ်ခဲ့ကြောင်း သိရှိရသည်။

(ဖေထွဏ်းဇော်-ရေစကြို)

ပခုက္ကူမြို့နယ် ရဲတပ်ဖွဲ့၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၏ သား/ သမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၅ ရက်တွင် အဆိုပါရဲစခန်းရှိ ရဲရိပ်သာအစည်းအဝေးခန်းမ၌ ကျင်းပရာ ထောက်ပံ့ငွေကျပ် ၇၃၈၀၀၀ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဌေးအောင်က တစ်ဦးချင်းပေးအပ်စဉ်။ (၁၀၂)

ယနေ့မြန်မာ့ရွှေဈေး ကမ္ဘာ့ရွှေဈေး



တစ်တုံးလျှင် တစ်ဆယ် ကျပ်သားစီရှိ အကယ် ဒမီ အခေါက် ရွှေတုံးများ။

[redacted]

သတင်းမှတ်စုနှင့်ဓာတ်ပုံ-အဝယ်တော် ဖိုးထော်

ရန်ကုန် ဇွန် ၅

"ယနေ့မြန်မာ့ရွှေဈေးဟာ အနည်းငယ်ပြန်တက်လာတယ်"လို့ ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးခန်း ရွှေအရောင်းအဝယ်ဈေးကွက်က ကြားသိလာရပါတယ်။

ဟိုရှေ့လများဆီက ရွှေလုပ်ငန်းရှင်တွေက မြန်မာ့ရွှေဈေးဟာ ငွေကျပ် ရှစ်သိန်းအထိ တက်နိုင်ဖွယ်ရှိတယ်လို့ သုံးသပ်ခဲ့ကြပေမယ့် တကယ်တမ်းကျတော့ မတက်ခဲ့ပါဘူး။

ပြီးခဲ့တဲ့ မေလအတွင်း ရွှေဈေးနှုန်းကို ပြန်ကြည့်မယ်ဆိုရင် အဲဒီလအမြင့်ဆုံးဈေးနှုန်းက မေ ၃ ရက်မှာ ကမ္ဘာ့ရွှေဈေးက တစ်အောင်စကို ၁၆၄၇ ဒေါ်လာရှိခဲ့တာမို့ မြန်မာ့အခေါက်ရွှေဈေးက တစ်ကျပ်သားကို ငွေကျပ် ၇၁၆၀၀၀ ဈေးရှိခဲ့ပါတယ်။

အဲဒီလရဲ့ အနိမ့်ဆုံးဈေးက မေ ၂၄ရက်မှာ ကမ္ဘာ့ရွှေဈေးက တစ်အောင်စကို ၁၅၅၈ ဒေါ်လာဖြစ်ခဲ့တာမို့ မြန်မာ့ရွှေဈေးက တစ်ကျပ်သားကို ငွေကျပ် ၆၉၅၀၀၀ အထိ နိမ့်ဆင်းသွားခဲ့တာကို ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးရဲ့မှတ်တမ်းအရ သိခဲ့ရပါတယ်။

ယနေ့ကမ္ဘာ့ရွှေဈေးဟာ နာရီပိုင်းနဲ့အမျှအပြောင်းအလဲတွေ မြန်ဆန်နေပါတယ်။ မြန်မာ့ရွှေဈေးကလည်းကမ္ဘာ့ရွှေဈေးကိုမှီပြီး နိမ့်ချည် မြင့်ချည်နဲ့ အရောင်းအဝယ်ဈေးအမျိုးမျိုးဖြစ်နေတာကို တွေ့မြင်ရပါတယ်။

ယနေ့နံနက်ပိုင်းရွှေဈေးဖွင့်ချိန်မှာ ကမ္ဘာ့ရွှေဈေးတစ်အောင်စကို ဒေါ်လာ ၁၆၂၀မှာ မြန်မာ့ရွှေဈေးက တစ်ကျပ်သားကို အခေါက်ဈေးငွေကျပ် ၇၁၀၀၀၀ ဖြစ်ပြီး နေ့လယ်ပိုင်း ၁၂နာရီခန့်မှာ ကမ္ဘာ့ရွှေဈေးက တစ်အောင်စကို ဒေါ်လာ ၁၆၁၉ ဖြစ်တာကြောင့် မြန်မာ့ရွှေဈေးအခေါက်ဈေးကလည်း တစ်ကျပ်သားကို ငွေကျပ် ၇၀၉၂၀၀ ဖြစ်သွားပါတယ်။ နောက် ညနေ ၃နာရီခန့်မှာ ကမ္ဘာ့ရွှေဈေး တစ်အောင်စကို ဒေါ်လာ ၁၆၁၅ ဖြစ်သွားပြန်တော့ မြန်မာ့ရွှေဈေးက တစ်ကျပ်သားကို ကျပ် ၇၀၈၅၀၀ ဈေးရှိခဲ့ကြောင်း ယနေ့ရွှေဈေးကွက်သတင်းကို တင်ပြလိုက်ရပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ဂျပန်နိုင်ငံ ALL NIPPON AIRWAYS Co.,Ltd. မှ ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ဂျပန်နိုင်ငံ ALL NIPPON AIRWAYS Co., Ltd. မှ Senior Executive Vice- President Mr. Hayao Hora ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၅

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ဂျပန်နိုင်ငံ ALL NIPPON AIRWAYS Co.,Ltd. မှ Senior Executive Vice- President Mr. Hayao Hora ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဂျပန်နိုင်ငံ အိုဆာကာလေဆိပ်မှ မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တိုက်ရိုက်လေကြောင်းလိုင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲရေး၊ ရန်ကုန်လေဆိပ်၌ ရုံးခွဲဖွင့်လှစ်နိုင်ရေး၊ ပြေးဆွဲပျံသန်းမှုစတင်ပါက ၎င်းတို့၏ လေယာဉ်များ ရန်ကုန်တွင် ပြုပြင်ထိန်းသိမ်းခြင်း၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်း အစရှိသည့် လုပ်ငန်းများအတွက် MAI လေကြောင်းလိုင်းမှ ဆောင်ရွက်ပေးရေး၊ မြန်မာနိုင်ငံအတွင်း ရန်ကုန်-နေပြည်တော် စင်းလုံးငှားခရီးစဉ်ပြေးဆွဲနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားကြသည်။

ANA လေကြောင်းလိုင်းသည် ၁၆-၇-၁၉၉၆ ရက်မှ ၂၄-၃-၂၀၀၀ ရက်အထိ အိုဆာကာ-ရန်ကုန်-အိုဆာကာ ခရီးစဉ်များကို တစ်ပတ်လျှင်သုံးကြိမ် ပျံသန်းခဲ့သည်။

ယခုခရီးစဉ်ပြန်လည်ပြေးဆွဲပါက Boeing 737-700 ER လေယာဉ်များဖြင့် နာရီတာ-ရန်ကုန်-နာရီတာခရီးစဉ်ကို တစ်ပတ်လျှင် သုံးကြိမ်ပျံသန်းမည် ဖြစ်ပြီး ယခုနှစ်စက်တင်ဘာလ (သို့မဟုတ်) အောက်တိုဘာလလယ်မှ စတင်ပြေးဆွဲသွားမည်ဖြစ်သည်။ ပုံမှန်ခရီးစဉ်များအပြင် စက်တင်ဘာလအတွင်း တိုကျို-ရန်ကုန်-နေပြည်တော်-ရန်ကုန်-ဟန္တိုင်း-တိုကျို စင်းလုံးငှားခရီးစဉ်များကိုလည်း Boeing 767 လေယာဉ်ဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

၅-၆-၂၀၁၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၇) ကော်လံ (၅) နှင့် (၆)တွင် ဖော်ပြပါရှိသည့် သံတွဲ-ရန်ကုန် ရိုးမသစ္စာခရီးသည်တင်မှန်လုံယာဉ်ပေါ်မှ ၁၀ ဦး အသတ်ခံရမှုသတင်းနှင့် စပ်လျဉ်း၍ **“သံတွဲမှရန်ကုန်သို့ မောင်းနှင်လာသော ရိုးမသစ္စာ ခရီးသည်တင်မှန်လုံယာဉ်ပေါ်မှ ပြည်တွင်းနေအစ္စလာမ်ဘာသာကိုးကွယ်သူ ၁၀ ဦး အသတ်ခံရ”** ဟူ၍ ပြင်ဆင်ဖတ်ရှုပါရန်နှင့် သတင်းစာသားများ၌လည်း **“ပြည်တွင်းနေ အစ္စလာမ်ဘာသာကိုးကွယ်သူ”** ဟူ၍ ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၆-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅း၂၀ MRTV-4 သတင်း
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၄၄)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၅၈)
- ၁၀း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၃၀)
- ၂း၀၀ MRTV-4 သတင်း
- ၄း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၅၈)
- ၆း၀၀ MRTV-4 သတင်း
- ၆း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၄၅)
- ၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၅၉)
- ၁၀း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၃၁)
- ၁း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၃၀)
- ၁း၃၅ (ဆိုးဆေးသုံးအစားအစာများ) (ဒေါက်တာဝင်းသိန်း၊ ဖြိုးပိုပို)
- ၁း၅၅ **နှင်းကွဲချိန်** ကောင်းခန့်၊ တိုးမြတ်နိုးဝေ၊ အကယ်ဒမီမျိုးသန္တာထွန်း၊ စိုးရန်အောင်၊ ဆောင်းယွန်းစံ၊ ဆုကဗျာ ဒါရိုက်တာ- အကယ်ဒမီကြည်စိုးထွန်း

■ ရှေ့ဖုံးမှ

ကော်မရှင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်းပေါင်းစပ်ပြီး နိုင်ငံတော်နှင့် ပြည်သူများ အကျိုးအတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ရန် ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများအနေဖြင့် ပြဋ္ဌာန်းပြီး ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရန်လည်း လိုအပ်ကြောင်းနှင့် ထိုသို့လိုက်နာဆောင်ရွက်ရန်အတွက် ပြည်သူများ၊ ပြည်သူ့ကိုယ်စားလှယ်များနှင့် ပြည်သူ့ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်ထားသည့်အစိုးရတို့က ဝိုင်းဝန်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ (၂)ရပ်၏ နယ်မြေဒေသ ကွင်းဆင်းလေ့လာရေးခရီးစဉ်တွင် ဒေသခံအဖွဲ့အစည်းများမှ တင်ပြသည့် တွေ့ဆုံပွဲကောက်နုတ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လွှတ်တော်အစည်းအဝေးရပ်နားချိန်တွင် ကော်မတီများ၏လုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကော်မတီများမှ ရှင်းလင်းတင်ပြရာ၌ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်ရမည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်က ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(IMF)တို့နှင့် တွေ့ဆုံဆွေးနွေးမှု အခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဆောင်သောအဖွဲ့၏ ဥရောပခရီးစဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်က ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေမူကြမ်းရေးဆွဲခြင်းနှင့် လွှတ်တော်မော်ကွန်း၊ စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိသော ဥပဒေနှင့် အထူးကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုလေ့လာချက်များကိုတင်ပြကြရာ ဦးသန်းလွင်က ငွေလဲလှယ်နှုန်းထား၊ ချေးငွေကိစ္စနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဦးခင်မောင်ဦးက ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ ဥပဒေရေးဆွဲရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဦးမြင့်လွင်က စည်ပင်သာယာ ဥပဒေများရေးဆွဲရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဦးသိန်းဦးက နိုင်ငံတော် ဘတ်ဂျက်ရေးဆွဲသည့်ကိစ္စနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဦးမြင့်ဆွေက ခရီးသွားလာရေး၊ ပညာရေး၊ ဆည်မြောင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး၊ ရွှေ သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဦးဝင်းသိမ်းက ပုဂ္ဂလိကလျှပ်စစ်ဥပဒေနှင့် အမျိုးသားစီမံကိန်းရေးဆွဲရန်တို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒေါ်သန်းသန်းရီက ဥပဒေရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း တင်ပြကြပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ သုံးသပ်တင်ပြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယခုလအတွင်း သက်ဆိုင်ရာကော်မတီများနှင့် ကော်မရှင်တို့၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဘုရင့်နောင်လမ်းဆုံ ခုံးကျော်တံတားပန်းခြံ သစ်ပင်စိုက်ပျိုးပွဲ — ဘုရင့်နောင်လမ်းဆုံ ခုံးကျော်တံတားပန္နက်တင်အခမ်းအနား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

ရန်ကုန် ဇွန် ၅

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းဆုံ ခုံးကျော်တံတား ပန္နက်တင်အခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် အဆိုပါနေရာ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုး၊ တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုး၊ First Myanmar Investment (FMI) ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးသိမ်းဝေနှင့် မန်နေဂျင်း ဒါရိုက်တာဦးကျော်ပိုင်တို့က သတ်မှတ်နေရာများ၌ ပန္နက်များတင်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ကျင်းပသည့် ၂၀၁၂ ခုနှစ် “ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်” သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများက ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ပျိုးပင်များ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက သတ်မှတ်နေရာအသီးသီး၌အထိမ်းအမှတ် သစ်ပင်များစိုက်ပျိုးပေးကာ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် သက်န်းနက်၊ ကျွန်း၊ ကံ့ကော်၊ မဟော်ဂနီ၊ ခရေ၊ မယ်ဇယ်၊ ပျဉ်းမ၊ ယူကလစ်၊ တည်ပင်စသည့် သစ်ပင် ၂၄ မျိုးမှပျိုးပင်စုစုပေါင်း ၅၀၀၀ တို့အား စိုက်ပျိုးခဲ့ကြောင်းနှင့် ယခုနှစ်မိုးရာသီကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ပျိုးပင် ၃၃ ဒသမ ၅ သိန်းခန့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ပျိုးပင် ၁၄ ဒသမ ၅ သိန်း စုစုပေါင်းပျိုးပင် ၄၈ သိန်းခန့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ၂၀၁၂ ခုနှစ် ဇွန်လ ၅ ရက် “ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်” ရန်ကုန်တိုင်းဒေသကြီး သစ်ပင်စိုက်ပျိုးပွဲတွင် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ပျိုးပင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

Tiger Myanmar Amateur Open Golf Championship 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၅

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd. က အဓိကကူညီပံ့ပိုးသည့် Tiger Myanmar Amateur Open Golf Championship 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၅ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ တည်းကုန်း ဂေါက်ကလပ်၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁)တီခုံ၌ နေရာယူကြပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယကဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်၊ Myanmar Brewery Ltd. ဥက္ကဋ္ဌ ဦးနေဝင်းနှင့် ရန်ကုန်ဂေါက်ကလပ်အမှုဆောင် ဦးခိုင်စိုးသာတို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြကာ ပထမနေ့ (၁၈)ကျင်း ပြိုင်ပွဲကို စတင်ကျင်းပသည်။

ပြိုင်ပွဲသို့ မြန်မာနိုင်ငံအမျိုးသား အပျော်တမ်းဂေါက်သီးရိုက် အားကစားသမားများအပါအဝင် ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဟောင်ကောင်နှင့် မလေးရှားတို့မှအပျော်တမ်း အမျိုးသားဂေါက်သီးရိုက်အားကစားသမားများ စုစုပေါင်း ၁၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲ၏ ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲကို ဇွန် ၆ ရက်နံနက် ၇ နာရီခွဲတွင် ယင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပြိုင်ပွဲဖွင့်လှစ်

Tiger Myanmar Amateur Open Golf Championship 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ၌ Myanmar Brewery Ltd. ဥက္ကဋ္ဌ ဦးနေဝင်း ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။

(ဂေါက်သီးအဖွဲ့ချုပ်)

ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို မေ ၃၁ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ရုံးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေးက ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

တစ်ချက်တည်းကျင်းဝင်

ပုသိမ် ဇွန် ၅

ဦးဝင်းကို(ကုန်သည်)သည် ကစားဖော်များဖြစ်ကြသော ဦးအောင်ဝင်းမြင့်၊ ဒေါက်တာစိုင်းမောင်မောင်၊ ဦးသန်းဝင်း (သဲ/ကျောက်လုပ်ငန်း)၊ ဦးနေမျိုးအောင်တို့နှင့်အတူ မေ ၂၆ ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် EV(No-1)ဘောလုံးကို Taylarmade R.5 Iron No.7ဖြင့်ရိုက်လိုက်ရာ ကိုက် ၁၆၀ အကွာရှိကွင်းအမှတ် ၁၀ သို့တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

တက်ညီလက်ညီ ဘက်ညီမျှတ ကြိုးပမ်းကြစေချင်သည်

ရေးသားသူ ➤ ခေါမြဝတီ

ကျွန်တော်ဟာ သူလိုငါလို သာမန်မြန်မာနိုင်ငံသား တစ်ယောက်ပါ။ သူများတွေလိုပဲ မြန်မာနိုင်ငံကိုချစ်ပါတယ်။ကိုယ့်တိုင်းပြည်ကောင်းစားတာကိုပဲ မြင်ချင်တွေ့ချင်ပါတယ်။ အခုအချိန်မှာ ပြုပြင်ပြောင်းလဲမှုတွေ လျှင်လျှင်မြန်မြန်ကြီး ဆောင်ရွက်လာတာကြောင့် ကမ္ဘာပေါ်မှာ လူတိုင်းလိုလိုက မြန်မာနိုင်ငံအပေါ် စိတ်ဝင်တစားစောင့်ကြည့်လာကြသလို ပြည်တွင်းမှာလည်း ကျွန်တော်အပါအဝင် ပြည်သူလူထုက တစ်ရက်ပြီး တစ်ရက်၊ တစ်ပတ်ပြီးတစ်ပတ် ဘာတွေများ ထူးခြားပြောင်းလဲ တိုးတက်လာမလဲဆိုတာ မျှော်လင့်ကြီးစွာနဲ့ စောင့်မျှော်နေကြပါတယ်။

ဒီလိုအပြောင်းအလဲ အခြေအနေမျိုးမှာ အရာရာကတော့ ရွှေမှုန်ကြဲတဲ့ ပန်းခင်းလမ်းလို ဖြောင့်ဖြူးအဆင်ပြေနိုင်မှာ မဟုတ်ဘူးဆိုတာလည်း သိပါတယ်။ ဘာပဲဖြစ်ဖြစ် အားလုံးချိုကြည့်လိုက်လျှင် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာတာကိုတော့ ဘယ်သူမှ မငြင်းနိုင်အောင် ခံစားနေကြရတာပါပဲ။ ကျွန်တော့်ကိုယ်ပိုင်ခံစားချက်ကို ပြောရရင် လူတွေဟာပိုပြီး လွတ်လွတ်လပ်လပ်ရှိလာတယ်။ ကိုယ့်စိတ်ထဲမှာရှိနေတဲ့ လိုအင်ဆန္ဒတွေကို ပွင့်ပွင့်လင်းလင်း ပိုပြီးထုတ်ဖော်နိုင်တယ်။ တစ်ချိန်တည်းမှာပဲ အစိုးရဌာန အဖွဲ့အစည်းတွေကလည်း ပြည်သူလူထုရဲ့ လိုအင်ဆန္ဒတွေကို ဖြည့်ဆည်းပေးနိုင်ဖို့ အရင်ကထက်အများကြီး ပိုပြီးတက်တက်ကြွကြွ လုပ်ကိုင်လာကြတာကို တွေ့ရပါတယ်။ လူသန်းပေါင်း ၆၀ လောက်ရှိတဲ့နိုင်ငံမှာ လူတစ်ယောက်ကို ဆန္ဒတစ်မျိုး ရှိတယ်ဆိုရင်တောင်မှ ဆန္ဒပေါင်းက သန်းပေါင်း ၆၀ လောက် ရှိနေကြမှာမို့ တစ်ဦးချင်း၊ တစ်စုတစ်ဖွဲ့ချင်းရဲ့ ဆန္ဒတွေကို အပြည့်အဝလိုက်ပြီး ဖြည့်ဆည်းပေးနိုင်ဖို့ကတော့ ဘယ်သူမှတတ်နိုင်မှာမဟုတ်ပါဘူး။ ဒါပေမယ့်လည်း ပြည်သူလူထု အများစုက တညီတညွတ်တည်း လိုလားတောင့်တနေကြတဲ့ နိုင်ငံအတွက် အမှန်တကယ်လိုအပ်နေတဲ့ ဆန္ဒတွေကိုတော့ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရပီပီ အလေးထားပြီး ကြိုးစားဆောင်ရွက်ပေးလိမ့်မယ်လို့ ယုံကြည်ပါတယ်။

တစ်ဖက်မှာလည်းပဲ ဒီလိုအကူးအပြောင်းကာလမျိုးမှာ တွေ့ရတတ်တဲ့ အခက်အခဲမျိုးတွေကို ကြုံကြရတဲ့အခါ ကျွန်တော်တို့ ပြည်သူလူထုဘက်ကလည်း လိုအပ်နေတာတွေကို စိတ်ကောင်းစေတနာကောင်းနဲ့ ပြောပြ၊ ထောက်ပြဖို့လိုသလို အစိုးရဘက်က ဒီအခက်အခဲတွေနဲ့ပတ်သက်လို့ ကြိုးစားဖြေရှင်းနေတာကိုလည်း အသိအမှတ်ပြုနားလည်ပေးဖို့၊ ဖြစ်နိုင်ရင် ဝိုင်းဝန်းကူညီဖေးမကြဖို့လိုမယ် ထင်ပါတယ်။ အဖျင်းဆုံးကတော့ ဘာမှမကူညီရင်နေ၊ ဘေးကနေထိုင်ပြီး အမနာပမပြောဘဲ ယထာဘူတကျကျ စောင့်ကြည့်ပေးနေရင်ပဲ တော်လှပြီလို့ ဆိုချင်ပါတယ်။

ကျွန်တော့်အမြင်ကတော့ ဒီအချိန်ဟာ ရှေ့ကို တစ်ဟုန်ထိုးချီတက်ဖို့ အားစုနေရတဲ့အချိန်၊ တစ်နိုင်ငံလုံး လှုပ်နေလှေအောင်း မြင်းဇောင်းမကျန် စုစုစည်းစည်းညီညီညွတ်ညွတ်နဲ့ အားစိုက်ခွန်စိုက် ကြိုးပမ်းကြရမယ့် အချိန်ပါပဲ။ တစ်ယောက်နဲ့တစ်ယောက် တွက်ကတ်၊ ငြူစူ၊ အပြစ်ဖို့၊ ရန်စောင်နေကြရမယ့် အချိန်မဟုတ်ဘူးလို့ထင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့နိုင်ငံမှာ ကံကောင်းတယ်လို့ဆိုရမယ့် အချက်တစ်ခုက အုပ်ချုပ်တဲ့ အစိုးရနဲ့ အတိုက်အခံ နိုင်ငံရေးအင်အားစုအကြားမှာ နားလည်ယုံကြည်မှု အတိုင်းအတာတစ်ခုအထိ ရရှိထားတာပါ။ ဒါကြောင့်လဲ ဒီကနေ့ကမ္ဘာ့မြင်ကွင်းမှာ တွေ့မြင်နေရတဲ့ ဒီမိုကရေစီအလှည့်အပြောင်းတွေထဲက သွေးထွက်သံယိုမြင်ကွင်းတွေနဲ့ တစ်နိုင်ငံလုံး စစ်မီးတောက်လောင်နေတာမျိုးတွေကို ကျွန်တော်တို့နိုင်ငံက ရှောင်လွှဲနိုင်ခဲ့ပြီး ဒီမိုကရေစီကို အေးချမ်းစွာကူးပြောင်းလာနိုင်ခဲ့တဲ့ စံနမူနာပြပုံစံတစ်ခု ဖြစ်လာလိမ့်မယ်လို့တောင် နိုင်ငံတကာပညာရှင်တွေက သုံးသပ်လေ့လာပြောဆိုနေကြပါတယ်။ ဒီလိုအချိန်မျိုးမှာ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်နားလည်ယုံကြည်မှုနဲ့ လေးစားမှုတွေဟာ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းနိုင်ရေးအတွက် သော့ချက်ပဲလို့ထင်ပါတယ်။

အခုဆိုရင် ဒီလိုအပြန်အလှန်ယုံကြည်လေးစားမှုတွေကြောင့် မြန်မာနိုင်ငံရေးမှာ ထူးခြားလေးနက်တဲ့ အောင်မြင်မှုတွေရလာခဲ့တာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ အတိုက်အခံနိုင်ငံရေးအင်အားစုဖြစ်တဲ့ NLDဟာ ပြီးခဲ့တဲ့ ဧပြီလ ကြားဖြတ်ရွေးကောက်ပွဲမှာ လွတ်လပ်မျှတစွာ ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး အောင်မြင်မှုတွေရခဲ့တဲ့အတွက် အခုဆိုရင် လွှတ်တော်ထဲမှ အင်အားကြီးတဲ့ အုပ်စုတစ်ခုအဖြစ် ရောက်ရှိနေပါပြီ။ NLD ပါတီရဲ့ ခေါင်းဆောင်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ဆိုရင်လည်း လွတ်လွတ်လပ်လပ် သွားလာဟောပြော လှုပ်ရှားခွင့်တွေ၊ နိုင်ငံရေးလုပ်ကိုင်ခွင့်တွေ ရရှိခဲ့လို့ ပြည်ပခရီးဖြစ်တဲ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာကျင်းပခဲ့တဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ်ကိုသွားရောက်ပြီး မိန့်ခွန်းပြောကြားနိုင်ခဲ့တာတွေ့ရတော့ ဒီလိုထူးခြားတဲ့ ပွင့်လင်းလွတ်လပ်မှုတွေအတွက် အတော်ကိုပဲ ဝမ်းသာမိတယ်။ ကမ္ဘာ့နိုင်ငံပေါင်းစုံက နိုင်ငံ့အကြီးအကဲတွေနဲ့ စီးပွားရေးခေါင်းဆောင်တွေ စုစုပေါင်းလူ ၆၀၀ ကျော်လောက် တက်ရောက်ကြတဲ့ ဆွေးနွေးပွဲကြီးဖြစ်လို့ ဒီဆွေးနွေးပွဲဟာ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးအတွက် ဘယ်လောက်အရေးပါတယ်ဆိုတာ ပြောဖို့မလိုပါဘူး။ ဒီပွဲမျိုးမှာ ကိုယ့်နိုင်ငံအတွက်ပြောရင် ပြောနိုင်သလောက် နိုင်ငံတကာကိုထိုးဖောက်နိုင်လို့ အကျိုးရှိတာအမှန်ပါပဲ။

အဲဒီကမ္ဘာ့စီးပွားရေးဖိုရမ်မှာ ဒေါ်အောင်ဆန်းစုကြည် လူကိုယ်တိုင်ပထမဆုံးတက်ရောက်ပြီး မိန့်ခွန်းပြောနိုင်ခဲ့တာကို လွန်ခဲ့တဲ့နှစ်နှစ်၊ သုံးနှစ်လောက်ကဆိုရင် ဘယ်သူမှ အိပ်မက်တောင်မက်ဖူးခဲ့မှာ မဟုတ်ပါဘူး။ အရင်က အိပ်မက်တောင် မမက်နိုင်တာတွေက အခုတကယ်ဖြစ်လာပြီဆိုတော့ မယုံနိုင်လောက်အောင်ပဲ တိုးတက်ပြောင်းလဲ လွတ်လပ်မှုတွေရှိလာပြီဆိုတာ ကိုယ်တိုင်ခံစားမိပါတယ်။

ဒေါ်အောင်ဆန်းစုကြည် အဲဒီဖိုရမ်မှာပြောခဲ့တဲ့ မိန့်ခွန်းကိုလည်း မီဒီယာတွေကတစ်ဆင့် လေ့လာခဲ့မိပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် လိုအပ်ချက်တွေကို ပွင့်ပွင့်လင်းလင်း စူးစူးရှရှ ထောက်ပြပြောဆိုသွားခဲ့တာ တွေ့ရပါတယ်။ မှန်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ပြောခဲ့သလိုပဲ ဒီအကူးအပြောင်းကာလအတွင်းမှာ လိုအပ်ချက်တွေအများကြီး ရှိနေပါသေးတယ်။

ဒီပြုပြင်ပြောင်းလဲရေးမှာ တစ်မျိုးသားလုံးက လေးလေးနက်နက် ပါဝင်ကြဖို့လိုတယ်ဆိုတာ အင်မတန် မှန်ပါတယ်။

နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာကြတဲ့အခါ တစ်နိုင်ငံလုံး၊ ပြည်သူတစ်ရပ်လုံး မျှမျှတတအကျိုးခံစားခွင့် ရသင့်တယ်ဆိုတာကလည်း အလွန်မှန်တဲ့ အချက်ပါပဲ။

နိုင်ငံရဲ့ အောက်ခြေသာမန်လူတန်းစားတွေအတွက် အခြေခံပညာရေးကို လက်လှမ်းမီဖို့လိုတယ်ဆိုတာကလည်း တကယ်လိုအပ်ချက်ပါ။

နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုဥပဒေတွေ ဘယ်လောက်ပဲကောင်းကောင်း တရားမျှတသန့်ရှင်းတဲ့ တရားစီရင်မှုနဲ့ ဥပဒေစိုးမိုးမှုမရှိရင် အသုံးမဝင်ဘူးဆိုတာလည်း အမှန်တကယ်ပါပဲ။

အတိုက်အခံ နိုင်ငံရေးခေါင်းဆောင်တစ်ယောက်ရဲ့ တာဝန်ဟာ တိုင်းပြည်မှာ လိုအပ်ချက်တွေရှိနေရင် အားမနာတမ်း ဒိုးဒိုးဒေါက်ဒေါက် ထောက်ပြပြောဆိုဖို့ပဲ ဆိုတာကိုလည်း ဘေးကနေကြည့်နေတဲ့ သာမန်ပြည်သူတစ်ယောက်အနေနဲ့ နားလည်ပါတယ်။

တစ်ခုလောက်တော့ ကျွန်တော်ခံစားမိတာတွေ ပြောချင်ပါတယ်။ ဒါကလည်း ဘယ်သူ့ဘယ်သူကိုမှ သာစေ၊ နာစေလိုတဲ့ စိတ်ထားမျိုးနဲ့ ပြောတာမျိုးမဟုတ်ဘဲ ကောင်းနေတာတွေကို ပိုပြီးကောင်းစေချင်တဲ့ သဘောနဲ့ ပြောကြည့်တာမို့ နားလည်ပေးစေချင်ပါတယ်။

ကျွန်တော့်ပုဂ္ဂလိက ခံစားချက်မှာတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိန့်ခွန်းမှာပါတဲ့ တချို့စကားလုံးတွေက ပြောင်မြောက်လွန်းအားကြီးလို့ ထိရှမှုအပိုင်းမှာ လွန်ကဲသွားတယ်လို့ ထင်မိတယ်။

ဥပမာအားဖြင့် မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုအပေါ် “အဆင်ခြင်မဲ့ အကောင်းမြင်မှု” (Reckless Optimism) တွေ များလွန်းနေတယ်။ တကယ်တော့ ဒီအချိန်မှာ “ခိုင်ခိုင်မာမာ အဆိုးမြင်ဝါဒ”(Healthy Scepticism) ထားဖို့လိုသေးတယ်ဆိုတာမျိုး ပြောသွားတာမှာ နားထောင်နေကြတဲ့ လုပ်ငန်းရှင်ကြီးတွေသာ အကောက်အယူအားနည်းမယ်ဆိုရင် အခုအချိန်မှာ မြန်မာနိုင်ငံကို မလာကြပါနဲ့ဦး။ ရင်းနှီးမြှုပ်နှံမှု မလုပ်ကြပါနဲ့ဦးလို့ သွယ်ဝိုက်ပြီး ပြောလိုက်တယ်လို့များ နားလည်မှုလွဲသွားမလားစိုးရိမ်မိပါတယ်။

ဘာလို့လဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က မြန်မာနိုင်ငံမှာ လူငယ်လူရွယ် အလုပ်လက်မဲ့တွေများနေတာဟာ တိုင်းပြည်အတွက် ချိန်ကိုက်ဗုံး (Time Bomb) ကြီးပဲလို့ ပြောသွားတာကြားလိုက်မိလို့ပါ။ နိုင်ငံမှာ အလုပ်လက်မဲ့တွေ များနေတာမှန်ပါတယ်ခင်ဗျား။အလုပ်အကိုင်အခွင့်အလမ်းတွေ နည်းပါးလို့လည်း သူများနိုင်ငံမှာ လူတွေသန်းနဲ့ချီပြီး အောက်ကြေးနဲ့ သွားအလုပ်လုပ်နေကြရတာပါ။အလုပ်အခွင့်အလမ်းတွေ နည်းရတာကလည်း ပိတ်ဆို့မှုတွေ၊ ဖိအားတွေကြောင့် အရင်က ကျွန်တော်တို့ နိုင်ငံထဲကို ရင်းနှီးမြှုပ်နှံမှုတွေ၊ ကုန်သွယ်မှုတွေ ဝင်မလာနိုင်ခဲ့ကြလို့ပါ။

အခုနိုင်ငံက လွတ်လပ်ပွင့်လင်းလာလို့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေဝင်လာဖို့ တာစူနေကြတဲ့အချိန်မှာ ဒီပြုပြင်ပြောင်းလဲမှုဟာ အားလုံးက လေးလေးနက်နက် မပါဝင်သေးလို့ နောက်ပြန်ဆုတ်သွားနိုင်တယ်။ ဥပဒေစိုးမိုးမှုကလည်း မခိုင်မာသေး၊ တရားစီရင်ရေးမဏ္ဍိုင်ကလည်း ယိုင်နဲ့နေတုန်းမို့ ဘယ်လောက်ပဲဥပဒေတွေ ရေးထားတာကကောင်းကောင်း စိတ်မချရဘူး၊ အသုံးမကျဘူးဆိုတာမျိုး ပြောလိုက်တာကြောင့် ဝင်လာချင်ကြတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ အရှိန်တန့်သွားစေမလားလို့ စိုးရိမ်မိပါတယ်။

ရင်းနှီးမြှုပ်နှံမှုတွေ ဝင်မလာရင် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း များများစားစား ပေါ်မလာနိုင်ပါဘူး။အလုပ်မရှိရင် ဝင်ငွေမရှိပါဘူး။ ဝင်ငွေနည်းပါးရင်လည်း ဒေါ်အောင်ဆန်းစုကြည်လိုလားသလို အောက်ခြေလူတန်းစားတွေမှာ သားသမီးတွေကို ဘယ်လိုလုပ်ပြီး ကျောင်းထားနိုင်ပါ့မလဲလို့ ကျွန်တော်ကတော့ လူပြိန်းတွေး တွေးမိပါတယ်။

တစ်ချိန်တည်းမှာပဲ ဒေါ်အောင်ဆန်းစုကြည် ထောက်ပြခဲ့တဲ့ကိစ္စတွေနဲ့ပတ်သက်လို့ အစိုးရဘက်လည်း ဒီအတိုင်းပစ်ထားတာမဟုတ်ဘဲ သူ့အစီအမံနဲ့သူ ကြိုးစားလုပ်ဆောင်နေတာလည်း ကျွန်တော်တို့တွေ့နေမြင်နေ ကြားနေရတာပါပဲ။

ဥပမာ-အလုပ်အကိုင်အခွင့်အလမ်းဖန်တီးဖို့နဲ့ပတ်သက်လို့ ပြည်ပက ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်နေသလို ပြည်တွင်းမှာလည်း စက်မှုဇုန်တွေ၊ အထူးစီးပွားရေးဇုန်တွေ တည်ဆောက်ထူထောင်နေတာတွေ့ရပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေ ညီညီမျှမျှ ပြည်သူတစ်ရပ်လုံး ခံစားနိုင်ဖို့အတွက်ဆိုရင် ငြိမ်းချမ်းရေးရလာတဲ့ ပြည်နယ်ဒေသတွေမှာပါ ဒေသခံလူထုအတွက် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွေလုပ်နေသလို ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ငန်းစဉ် (၈)ရပ် ချမှတ်ပြီး သမ္မတကြီးဦးသိန်းစိန်ကိုယ်တိုင် ဦးစီးလုပ်ကိုင်နေတာတွေ မြင်နေရပါတယ်။ နိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုကို ၂၆ ရာခိုင်နှုန်းကနေ ၂၀၁၅ မှာ ၁၆ ရာခိုင်နှုန်းအထိလျှော့ချဖို့ ရည်မှန်းလုပ်ကိုင်နေတယ်။ တိုင်းပြည်ကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ စာရင်းကနေ အမြန်ဆုံးလွတ်မြောက်ဖို့ ဦးတည် ဆောင်ရွက်နေတယ်ဆိုတာ သိနေရပါတယ်။

တစ်နိုင်ငံလုံးနဲ့ချီပြီး ရွှေ့အောင်တွန်းရတဲ့ အပြောင်းအလဲဆိုတာတော့ အခု ရေတွင်းတူးပြီး အခုရေကြည်သောက်နိုင်တာမျိုးတော့မဟုတ်ပေဘူးပေါ့ခင်ဗျာ။ ဒီကြားထဲမှာ ခြေကန်ပြီး တရွတ်ဆွဲနေတဲ့သူတွေကိုလည်း ပါအောင် မနည်းဆွဲခေါ်နေရတာမျိုးလည်း ရှိပေဦးမယ်ထင်ပါတယ်။ ဥပဒေစိုးမိုးရေးဆိုတဲ့ကိစ္စဟာလည်း ဒီအထဲမှာပါပါလိမ့်မယ်။ သာသနာတော်မှာတောင် ဝိနည်းတော်တွေက ကောင်းပေမယ့် အလဇ္ဇီရဟန်းတွေရှိခဲ့သေးတာပဲ။ ဒါပေမယ့် ဝိနည်းနဲ့ထိန်းနိုင်လို့ သာသနာတော်ကြီးက တည်တံ့နေသလို ဓမ္မစက်၊ အာဏာစက်တွေနဲ့လည်း ထိန်းခဲ့ကြရတာတွေရှိတာပါပဲ။ အခုလည်း ဒီကိစ္စကို အစိုးရကရော လွှတ်တော်ကပါ အထူးအလေးထားပြီး ဆောင်ရွက်လာနေတာ တွေ့မိပါတယ်။

ဒီလိုပဲ ပညာရေးအပိုင်းမှာလည်း အခြေခံပညာမူလတန်းအဆင့်ကို အခမဲ့မသင်မနေရစနစ် ပြောင်းလဲပြီး ကျောင်းစရိတ်တွေကို နိုင်ငံတော်က ကျခံပေးသလို ဆင်းရဲနွမ်းပါးပြီး စာတော်တဲ့ကလေးတွေအတွက် ပညာသင် ထောက်ပံ့ကြေးတွေလည်း စပြီးပေးနေတာသိရပါတယ်။ တကယ်တော့ ဆင်းရဲတဲ့မိဘတွေအတွက် အခမဲ့ပညာသင်ပေးပါမယ်ဆိုတာတောင်မှ သူတို့ကလေးတွေအတွက် စားစရိတ်ကာမိပြီး မုန့်ဖိုးပဲဖိုးရမယ့် စီးပွားရေးလုပ်ငန်းတွေမှာ တောက်တိုမည်ရအလုပ်လုပ်ဖို့ လွှတ်ချင်တာတွေရှိပါလိမ့်ဦးမယ်။ ဒါကြောင့် ကျွန်တော်ထင်တာကတော့ အခြေခံပညာရေးသင်နိုင်ဖို့ကိစ္စဟာ အခြေခံလူတန်းစားရဲ့ စီးပွားရေးအခြေအနေ၊ စားဝတ်နေရေး ပြေလည်မှုအပေါ်မှာလည်း အများကြီးမူတည်နေဦးမယ်လို့ ထင်ပါတယ်။

အခြေခံလူတန်းစားတွေ ပြေလည်ဖို့ဆိုတာတော့ နိုင်ငံတစ်နိုင်ငံလုံး စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ အောင်မြင်ဖို့လိုတယ်ထင်ပါတယ်။ အစိုးရပိုင်းကလည်း အဲဒီအတွက် စီးပွားရေးပြုပြင်ပြောင်းလဲမှု မဟာဗျူဟာတွေချမှတ်ပြီး လုပ်သင့်တာတွေ ကြိုးစားလုပ်နေတာပါပဲ။ ကျွန်တော်သိသလောက်ဆိုရင် အလုပ်အကိုင်ဖန်တီးပေးဖို့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းတွေကို တိုးမြှင့်အားပေးနေတယ်။ ရွှေ့ပြောင်းအလုပ်သမားတွေ အနှိမ်မခံရဘဲ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေရလာဖို့ တစ်ဖက်နိုင်ငံမှာ ယာယီအလုပ်သမားမှတ်ပုံတင်စခန်းတွေဖွင့်ပြီး ဆောင်ရွက်ပေးနေတယ်။ သယံဇာတကုန်ကြမ်းသက်သက် ရောင်းနေတဲ့အဆင့်ကနေ တန်ဖိုးမြှင့် ကုန်ချောစက်မှုလုပ်ငန်းတွေထူထောင်ဖို့ စီစဉ်အားပေးနေတယ်။ စက်မှုဇုန်ကြီးတွေ၊ အထူးစီးပွားရေးဇုန်တွေထူထောင်ပြီး အကြီးစားစက်မှုလုပ်ငန်းတွေနဲ့ စက်မှုနိုင်ငံဖြစ်လာနိုင်ဖို့ ဦးတည်ဆောင်ရွက်နေတယ်။ နည်းပညာပိုင်းမှာလည်း ခေတ်နဲ့အညီ ဆက်သွယ်ရေးနဲ့ သတင်းအချက်အလက်နည်းပညာတွေ တိုးတက်လာအောင် ဆောင်ရွက်နေတာတွေ့ရပါတယ်။ လုပ်စရာတွေကတော့ အများကြီးပါပဲ။ ဒါပေမယ့် နိုင်ငံနဲ့ ပြည်သူလူထု စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာက ပြည်သူသန်းပေါင်း ၆၀ စလုံးက လိုလားတောင့်တနေကြတဲ့ ပြည်သူလူထုရဲ့ဆန္ဒပဲ မဟုတ်လား။ ဒီလိုအများစုရဲ့ဆန္ဒကို ဖော်ဆောင်နိုင်မှလည်း ပြည်သူအများစု စိုးမိုးအုပ်ချုပ်တဲ့ ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရက ပီပြင်လာလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

နောက်ထပ်ပြည်သူတွေ လိုလားတောင့်တနေကြတဲ့ လိုအင်ဆန္ဒတစ်ခုလည်း ရှိပါသေးတယ်။ အဲဒါကတော့ ငြိမ်းချမ်းသာယာရေးပါပဲ။ ကျွန်တော်ကိုယ်တိုင်ဟာ ငယ်စဉ်ကတည်းက မအေးချမ်းတဲ့ဒေသမှာ နေထိုင်ခဲ့ဖူးလို့ ငြိမ်းချမ်းရေးရဲ့ တန်ဖိုးကို ကိုယ်တွေ့နားလည်သဘောပေါက်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးရပြီးကတည်းက နှစ်ပေါင်းခြောက်ဆယ်ကျော်ပြီး အခုအချိန်အထိ ပစ်သံခတ်သံတွေ ကြားနေရတုန်းပဲ။ ဒါတွေကို ပြီးစေချင်လှပါပြီ။ အစိုးရဘက်ကလည်း နိုင်ငံ့အကြီးအကဲကိုယ်တိုင်ဦးစီးပြီး ကြိုးပမ်းနေပြီ။ နိုင်ငံတော်အပိုင်းက ငြိမ်းချမ်းရေးရှေ့လုပ်ငန်းစဉ် အဆင့်သုံးဆင့်ချပြပြီး ပွင့်ပွင့်လင်းလင်း ထင်သာမြင်သာ ကြိုးစားညှိနှိုင်းနေတာ တွေ့ရပါတယ်။ တိုင်းရင်းသားတွေဘက်ကလည်း အားလုံးအကျိုးအတွက် သူ့ဘက်ကိုယ့်ဘက်နားလည်ပြေလည်မှုရအောင် ညီအစ်ကိုစိတ်ဓာတ်နဲ့ ဝိုင်းဝန်းကြိုးပမ်းပေးကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်။

ကျွန်တော်တို့နိုင်ငံက ဟိုတုန်းကတည်းက မဟာဗျူဟာအရ အရေးပါတော့ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးမှာ အပြင်ဘက်က ပယောဂတွေကိုလည်း ဂရုပြုအလေးထားရမှာပါ။ နိုင်ငံတကာဆက်ဆံရေးအခြေအနေတွေ တိုးတက်ပွင့်လင်းလာသလို သိမ်မွေ့ပြီး အတိမ်းအစောင်းမခံတဲ့ ကိစ္စတွေမှာ မျှမျှတတ ချင့်ချိန်ပြီး အစိုးရအနေနဲ့ ကြိုးစားနေရတာကိုလည်း နားလည်မိပါတယ်။

ဒီအချိန်မျိုးမှာ မြန်မာနိုင်ငံအနေနဲ့ ဘက်ပေါင်းစုံက ပြုပြင်ပြောင်းလဲနေရတာ ဖြစ်ပါတယ်။ တခြားနိုင်ငံတွေမှာ စီးပွားရေးဆို စီးပွားရေး၊ နိုင်ငံရေးဆို နိုင်ငံရေးပဲ ဇောင်းပေးပြီး ပြုပြင်ပြောင်းလဲမှုလုပ်နိုင်ကြတဲ့အချိန်မှာ ကျွန်တော်တို့မြန်မာနိုင်ငံကတော့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ နိုင်ငံခြားရေး၊ ဥပဒေစိုးမိုးရေး ဘက်ပေါင်းစုံက ပြုပြင်ပြောင်းလဲဖို့ လိုနေတာပါ။ ဒီလိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ကတော့ အစိုးရတစ်ခုတည်းက ကြိုးစားရုံနဲ့လည်း ဘယ်လိုမှ မလုံလောက်နိုင်ပါဘူး။

ဒီပြုပြင်ပြောင်းလဲရေးဟာ တစ်မျိုးသားလုံးနဲ့ဆိုင်တဲ့ အမျိုးသားရေးဖြစ်ပါတယ်။ တစ်မျိုးသားလုံး၊ ပြည်သူလူထုတစ်ရပ်လုံး၊ နိုင်ငံရေးအင်အားစုအားလုံး၊ တပ်မတော်သားတွေ အပါအဝင် ပြည်သူ့ဝန်ထမ်းအားလုံးတစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ၊ ဘက်ညီညီ ကြိုးပမ်းသွားကြမှ ကျွန်တော်တို့ရဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သလို သူများခြေတစ်လှမ်းလှမ်းရင် ကိုယ်က လေးငါး ဆယ်လှမ်းလှမ်းနိုင်မှ တော်ကာကျမယ့် အခြေအနေဖြစ်ပါတယ်။

ဒီလိုအခြေအနေမျိုးမှာ ကျွန်တော်တို့ အချင်းချင်း လိုအပ်ချက်တွေ၊ အားနည်းချက်တွေ မြင်ရင်လည်း အပြုသဘောနဲ့ တစ်ဦးကို တစ်ဦး ပြုပြင်ဖေးမပြီး ရှေ့ခရီးကို မေတ္တာမပျက် စည်းစည်းလုံးလုံး ခရီးဆက်ကြရရင် မကောင်းပေဘူးလားခင်ဗျာ။ ။

6-6 (08).pmd 1 6/6/2012, 2:10 AM

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား အမေရိကန်နိုင်ငံမှ ဧည့်သည်တွေ့

နေပြည်တော် ဇွန် ၅

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား အမေရိကန်နိုင်ငံအခြေစိုက် Foreign Affairs Journal မှ Ms. Alex Morris သည် ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် သတ္တုသယံဇာတသိုက်များ၏ ဖြစ်တည်မှုနှင့် ဘူမိဗေဒမြေပုံရေးဆွဲပြီးစီးမှု၊ သတ္တုကဏ္ဍ၌ အနောက်နိုင်ငံ လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံခွင့်ရမှု၊ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများအရ လုပ်ငန်းဆောင်ရွက်နိုင်မှု၊ လက်ရှိပြုပြင်ပြောင်းလဲမှုများအရ ရင်းနှီးမြှုပ်နှံသူများအတွက် စွန့်စားရမှုများကို အလျင်အမြန်လျှော့ချလုပ်ဆောင်ပေးနေမှု၊ အရင်းအနှီးနှင့် အဆင့်မြင့်နည်းပညာများ အသုံးပြုရန်လိုအပ်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်ပင်သစ်တောများထူထောင်ရေး အလေးထားဆောင်ရွက်နေမှုတို့ကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ သတ္တုတွင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

ထို့အပြင် ပင်လယ်သမုဒ္ဒရာတို့တွင် မုန်တိုင်းအသွင်စတင်မဖြစ်ပေါ်မီ ၂၄ နာရီခန့် ကြိုတင်သိရှိနိုင်ရန် သတင်းအချက်အလက် ထုတ်ပြန်ပေးနိုင်သည့် စနစ်များလည်း ထည့်သွင်းတပ်ဆင်ထားကြောင်း နာဆာမှ ထုတ်ပြန်သော သတင်း၌ ဖော်ပြသည်။ ***(အင်တာနက်)***

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌအား နိုင်ငံခြားဧည့်သည်အဖွဲ့များ တွေ့ဆုံ

နေပြည်တော် ဇွန် ၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းအား Marubeni Corporation မှ Executive Officer, Mr. Hiroshi Ikuno နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါဗဟိုဘဏ်ဥက္ကဋ္ဌ၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ငွေရေးကြေးရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆွေးနွေး

အလားတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား United Overseas Bank Limited (UOB) မှ ဒုတိယဥက္ကဋ္ဌနှင့် CEO Mr. Wee Ee Cheong နှင့် အဖွဲ့သည် နံနက်ပိုင်းတွင်ပင် လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူမှုစီးပွားသတင်း

နယ်စပ်ဝင်ဆိုင်ကယ်များ တရားဝင်လိုင်စင် တာချီလိတ်၌နေ့ချင်းပြီးဆောင်ရွက်ပေး

တာချီလိတ် ဇွန် ၅

နိုင်ငံတော်အစိုးရက ပြည်သူများ လူနေမှုဘဝအဆင့်မြှင့်တင်ရေးနှင့် လူတိုင်းမော်တော်ယာဉ်ပိုင်ဆိုင်ခွင့်ရရှိရေးအတွက် ဖြေလျှော့မှုများအား ဆက်တိုက် ဆောင်ရွက်ပေးလျက်ရှိသည့် နည်းတူ နယ်မြို့များနှင့် ကျေးလက်ဒေသနေပြည်သူများအတွက် ပို့ဆောင်ရေးကဏ္ဍတွင် အထောက်အကူပြုလျက်ရှိသော မော်တော်ဆိုင်ကယ်များကို တရားဝင်စီးနင်းနိုင်စေရန် ရည်ရွယ်လျက် နယ်စပ်မှ တင်သွင်းထားသော မော်တော်ဆိုင်ကယ်များအား တရားဝင်လိုင်စင်ပြုလုပ်ပေးရေး စီမံချက်ကို ယနေ့ ဇွန် ၅ ရက်တွင် စတင် ဆောင်ရွက်ပေးနေပြီဖြစ်သည်။

တာချီလိတ်ခရိုင်အတွင်းရှိ တရားမဝင် မော်တော်ဆိုင်ကယ်များအား လိုင်စင်ဆောင်ရွက်ပေးမှုကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း နံနက် ၉ နာရီမှ စတင်ကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့စီးပွားရေးဘဏ်တို့မှ ဝန်ထမ်းများပါဝင်သည့် ပူးပေါင်းအဖွဲ့မှ One Stop Service စနစ်ဖြင့် နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိရာ မော်တော်ဆိုင်ကယ်ပိုင်ရှင်များက သတ်မှတ်အခွန်နှုန်းထားများ ပေးဆောင်လျက် တရားဝင်လိုင်စင် ပြုလုပ်လျက်ရှိကြသည်။

မော်တော်ဆိုင်ကယ် တရားဝင်အခွန်ဆောင်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်း သို့မဟုတ်ရပ်ကွက်ထောက်ခံစာများသာလိုအပ်ပြီး ကျသင့်အခွန်နှုန်းထားအတိုင်းသာ ကောက်ခံကြောင်း၊ မည်သည့်အပိုကြေးမှ ကောက်ခံမှုမရှိဘဲ နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ၂၁ယ. . . . နံပါတ်များကို စတင်ထုတ်ပေးလျက်ရှိကြောင်း သိရှိရသည်။ ***(ဝ၆ဝ)***

▲ *ကျောဖုံးမှ*

"ဇွန် ၄ ရက်အထိ ကားအစီးရေ ၈၀၀ ကျော်နေပါပြီ။ တစ်နေ့ကို အနည်းဆုံး ၅၀ လောက်လာပြီး လျှောက်ထားကြပါတယ်။ လျှောက်ထားသူတိုင်းကို အမြန်ဆုံးအဆင်ပြေနိုင်အောင် ဝန်ထမ်းတွေကလည်း အကူအညီပေးနေပါတယ်။ ရုံးကိစ္စတွေကို အတတ်နိုင်ဆုံး ကိုယ်တိုင်ဆောင်ရွက်တာက ပိုပြီးကောင်းတဲ့အတွက် လူကိုယ်တိုင်ရုံးဌာနတွေကို ဆက်သွယ်စုံစမ်းပြီးဆောင်ရွက်သင့်ပါတယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သွင်းကုန်ဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ခွင့်ပြုထားခဲ့ပြီး ယခုသီတင်းသုံးပတ်ကျော်ကာလအတွင်း မော်တော်ယာဉ် တင်သွင်းမှု လျှောက်ထားခြင်းများတစ်ရက်ထက်တစ်ရက် တိုးပွားလာခဲ့သည့်အပြင် လျှောက်ထားမှုအများဆုံးမှာ အင်ဂျင်ပါဝါနိမ့် ၁၃၀၀ စီစီအောက် ကားများကိုသာ အများဆုံးလျှောက်ထားကြပြီး လေလံဈေးကွက်အတွင်းတွင်လည်း အဆိုပါ ၁၃၀၀ စီစီအောက် ကားများကိုသာ လေ့လာခြင်းများရှိကြောင်း သိရှိရသည်။

"၁၃၀၀ စီစီအောက်ကားတွေကို ဝန်ကြီးဌာနက အခွန်ကောက်ရာမှာလည်း အကောက်ခွန်နှုန်းက ၂၅ ရာခိုင်နှုန်းနဲ့ ကုန်သွယ်လုပ်ငန်းခွန်အနေနဲ့ ၃၀ ရာခိုင်နှုန်းသာ ပေးဆောင်ရမှာဖြစ်ပြီး မှတ်ပုံတင်ကြေးကလည်း ကားတန်ဖိုးရဲ့ ၅၀ ရာခိုင်နှုန်းပဲပေးဆောင်ရမှာ ဖြစ်ပါတယ်။ ကားတန်ဖိုး (ဆိပ်ကမ်းအရောက်) CIF ဈေးနှုန်း ဒေါ်လာ ၅၀၀၀ သတ်မှတ်ထားတဲ့ကားတစ်စီးဆိုရင် အားလုံးပေါင်း ဒေါ်လာ ၁၀၇၀၀ နီးပါးသာရှိပြီး တခြား အင်ဂျင်ပါဝါမြင့်တဲ့ကားတွေထက် ပိုပြီးတွက်ခြေကိုက်တဲ့အတွက် အရွေးများလာကြပါတယ်" ဟု အဆိုပါအရာရှိက ဆက်လက်ရှင်းပြသည်။

ပြောကြား

မြန်မာနိုင်ငံသားတိုင်း မော်တော်ယာဉ်တင်သွင်းခွင့်ရရှိထားသော်လည်း ဈေးကွက်မကျွမ်းကျင်မှုနှင့် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်မှု အားနည်းခြင်းကြောင့် မလိုလားအပ်သည့် ထပ်မံကုန်ကျစရိတ်များလည်း တိုးမြှင့်နေရကြောင်း အဆိုပါအသိုင်းအဝိုင်းတွင် ရုံးကိစ္စများလိုက်ပါ ဆောင်ရွက်နေသူများက ပြောကြားသည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးဘဏ်များတွင် စာရင်းဖွင့်ခြင်း၊ မိမိရွေးချယ်လိုသည့် မော်တော်ယာဉ်အမျိုးအစားနှင့် လေလံဈေးကို အွန်လိုင်းမှတစ်ဆင့်ကိုယ်တိုင်လေ့လာခြင်း၊ နေပြည်တော်ရှိရုံးကိစ္စများကို ကိုယ်တိုင်ဆောင်ရွက်ခြင်း၊ မော်တော်ယာဉ်ရွေးချယ်ငွေပေးချေခြင်း၊ သယ်ယူသည့် package စနစ်ကို ကိုယ်တိုင်ရွေးချယ်ခြင်း၊ မော်တော်ယာဉ် ရောက်ရှိလာပါက ဆိပ်ကမ်းမှ ကိုယ်တိုင်ထုတ်ယူခြင်း၊ ကိုယ်တိုင်ယာဉ်မှတ်ပုံတင်ကိစ္စများအား ဆောင်ရွက်ခြင်းများ ပြုလုပ်ပါက ဝန်ကြီးဌာနက တွက်ချက်ပြသည့် ဈေးရင်းအတိုင်းဖြစ်သော ငွေကျပ်သိန်း ၉၀ နီးပါးသာ ကုန်ကျမည်ဖြစ်သော်လည်း ကားတင်သွင်းလိုသူအများစုမှာ ရုံးကိစ္စများကို ဝန်ဆောင်မှုကုမ္ပဏီများနှင့် ကြားခံအကျိုးဆောင်များကိုသာ အားကိုးကြခြင်းကြောင့် လက်ရှိတွင် အင်ဂျင်ပါဝါ ၁၃၀၀ စီစီအောက်ကားများ တင်သွင်းပါက ငွေကျပ်သိန်း ၁၂၀ မှ ၁၃၀ အထိ ကုန်ကျမှုရှိနေကြောင်း အဆိုပါပုဂ္ဂိုလ်များက ရှင်းပြသည်။

"ယူတာကတော့ ဝန်ဆောင်မှုချင်း မတူပါဘူး။ ဘဏ်မှာငွေစာရင်းဖွင့်ဖို့ တစ်ခုတည်းနဲ့ ငွေကျပ်သုံးသောင်း ဝန်ဆောင်ခပေးရတယ်။ စီးပွား/ကူးသန်းမှာ လျှောက်ထားဖို့အတွက် တစ်သိန်းဝန်းကျင်နဲ့ ကားမှာပေးတဲ့ ကုမ္ပဏီတွေက ဝန်ဆောင်ခ အစားစားရှိတယ်။ ငွေကျပ်သုံးသိန်းကနေ ငါးသိန်း၊ ခုနစ်သိန်း စသည်ဖြင့် ပေးကြရတယ်။ မော်တော်ကားရောက်လာတဲ့အခါမှာလည်း ကားထုတ်ဖို့အတွက် ဝန်ဆောင်ခက ငွေကျပ်တစ်သိန်းကျော်ပေးရတယ်။ ကညနမှာ အခွန်ကိစ္စလုပ်တော့လည်း ပွဲစားနဲ့ပဲဆိုတော့ ပုံမှန်ကျသင့်တာထက် ဈေးကအများကြီး ပိုကြီးသွားပါတယ်။ ရုံးဌာနတွေကလည်း အရင်လိုမခက်တော့ပါဘူး။ လုပ်ရတာသိပ်လွယ်ပါတယ်။ မသိရင်လည်း လုပ်ငန်းသဘောကို ရှင်းပြတယ်။ ကူညီပေးပါတယ်။ ဒါပေမယ့် အများစုကတော့ ကိုယ်တိုင်ခေါင်းစားမခံဘဲ ဂျင်နရယ်ပါဝါ လွှဲပေးလိုက်တာများတယ်" ဟု documentation ဆောင်ရွက်သူ အကျိုးဆောင်တစ်ဦးက ရှင်းပြသည်။ **(ခင်ရတနာ)**

မူးယစ်ဆေးဝါးဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၅

မေ ၂၂ ရက် ညနေ ၅ နာရီက မူဆယ်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရပန်ဆိုင်း(ကြူကုတ်)မြို့နယ်ရှိ နမ့်တောင်းကျေးရွာ ရပ်ကွက်(၃)နေ စောမျှင်လှို (၄၉ နှစ်)၏ နေအိမ်အား သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်နှင့်ကပ်လျက် စတိုခန်းအတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀၀၀ နှင့် ဘိန်းစိမ်းနှစ်ကီလိုတို့အား သိမ်းဆည်းရမိခဲ့သဖြင့် ပန်ဆိုင်း(ကြူကုတ်)မြို့နယ်ခွဲ နမ့်တောင်းကျေးရွာ ရပ်ကွက်(၃)နေ စောမျှင်လှို(၄၉ နှစ်)အား ပန်ဆိုင်းရဲစခန်း မယ(ပ) ၁၉/၂၀၁၂ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉ (က)အရ အရေးယူထားကြောင်း သတင်းရရှိသည်။

အလားတူ မေ ၂၇ ရက်မွန်းလွဲ ၂နာရီခွဲက တောင်ကြီးမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လွိုင်လင်မြို့ အရှေ့ဘက်နှစ်မိုင်ခန့်အကွာ ကွတ်ချိုး-ဟိုနမ့် ကျေးရွာသွားလမ်းမပေါ်တွင် ကွတ်ချိုးကျေးရွာဘက်မှ တရှူး(၃၄ နှစ်) မောင်းနှင်ပြီး တဆောင်း(၁၉နှစ်) လိုက်ပါလာသည့် ယာဉ်အမှတ် ၇ခ/. . . ဟိုင်းလက်ယာဉ်အား သက်သေများနှင့်အတူ ရှာဖွေခဲ့ရာ ယာဉ်နောက်ခန်းရှိ Tool Box နှင့် စပယ်ယာဘီးနှစ်လုံးအတွင်းမှ ဘိန်းစိမ်း ၁၅၁ ဒသမ ၅ကီလိုသိမ်းဆည်းရမိခဲ့သဖြင့် ညောင်ရွှေမြို့နယ် အင်းပေါခုံအုပ်စု နမ့်ပန်တောင်ကျေးရွာနေသူများဖြစ်သည့် တရှူး (၃၄ နှစ်)နှင့် တဆောင်း (၁၉ နှစ်)တို့ နှစ်ဦးအား လွိုင်လင်ရဲစခန်းမှ မယ(ပ) ၁၁/၂၀၁၂ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉ (က)/၂၁ အရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(ဆွေဆွေနိုင်-သတင်းစဉ်)**

မြန်မာ့အလင်း စာအုပ်စင် ၅-၆-၂၀၁၂

ကိုလင်း ➤ စုစည်းသည်

စီအိုင်အေမွှေနေသောနိုင်ငံများ စာအုပ်ထွက်ရှိ

အမေရိကန်ဗဟို ထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)သည် ကမ္ဘာ့နိုင်ငံများတွင် ဖြန့်ကြက်အခြေစိုက်ကာ ကမ္ဘာ့နိုင်ငံအချို့၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေကြောင်းကို ဖော်ပြထားသည့် ဝါရင့် သတင်းစာဆရာ၊ စာရေးဆရာ တက္ကသိုလ်မြတ်သူ၏ စီအိုင်အေမွှေနေသောနိုင်ငံများစာအုပ် ထွက်ရှိလာသည်။ အရှေ့အလယ်ပိုင်းဒေသအာဖရိကတိုက်၊ လက်တင်အမေရိကတိုက်မှ နိုင်ငံများ၏ ပြည်တွင်းရေးကို စီအိုင်အေက လက်ကုန်နှိုက်ပြီး ဝင်စွက်ခြေရှုပ်ပုံများကို ဖတ်ရှုနိုင်သည်။ မြန်မာ့နိုင်ငံရေးအကြောင်း ပြောလျှင် ကမ္ဘာ့နိုင်ငံရေးနှင့် ဆက်စပ်သုံးသပ်ပြီးမှ ပြောကြသည်။ ကမ္ဘာ့နိုင်ငံရေးအကြောင်းပြောလျှင် အမေရိကန်စီအိုင်အေအကြောင်း ဆက်စပ်သုံးသပ်မှ ပြည့်စုံမည်ဟု တက္ကသိုလ်မြတ်သူက ဆိုထားသည်။

စာအုပ်ကို ဟန်သာဆုစာအုပ်တိုက် အမှတ် ၃၂ (ပထမထပ်) အဆောင်(၄)၊ ရွှေတိဂုံဘုရားလမ်း သိမ်ကြီးဈေး(င)ရုံမှ ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။

အံ့ဖွယ်လူဝင်စားများနှင့် ဘာသာရေးဆောင်းပါးများစာအုပ်ထုတ်ဝေ



စာရေးဆရာ ခင်ဇေ(စက်မှု) ရေးသားထားသော အံ့ဖွယ်လူဝင်စားများနှင့် ဘာသာရေးဆောင်းပါးများ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် မြတ်မင်္ဂလာစာစောင်၌ ရေးသားခဲ့သောဆောင်းပါးများကို စုစည်းထားပြီး နှစ်ဘဝသိ အံ့ဖွယ်လူဝင်စား၊ အတုယူဖွယ် လူဝင်စား၊ ဂျပန်လူဝင်စား၊ လူဝင်စားစာရေးဆရာကြီးများနှင့် အခြားစိတ်ဝင်စားဖွယ်ရာ အံ့ဖွယ်လူဝင်စားများအကြောင်းကို ရေးသားထားသည်။ ထို့အပြင် ရာဇာဓိရာဇ်နန်းဦးဘုရား၊ ရွှေဥမင်ဆရာတော်ကြီး စသောဆောင်းပါးများအပြင် (၁၁)ကြိမ်မြောက် အံ့ဖွယ်ထီပေါက်သူ၊ ဗုဒ္ဓဂယာမှ ရှင်ပြုအလှူ၊ အကြော်ရောင်း၍ ဘုရားတည်သူ စသည့် စိတ်ဝင်စားဖွယ်ရာဆောင်းပါးများ ပါဝင်သည်။

စာအုပ်ကို အလင်းသစ်စာပေ အမှတ်-၁၇ အခန်း(၆၀၁)၅၂လမ်း(အောက်) ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

ဆေးပညာပေါင်းချုပ်စာအုပ် ထုတ်ဝေဖြန့်ချိ



ပါမောက္ခသိန်းနှင့် ဒေါက်တာဆုတို့ ရေးသားသော ဆေးပညာပေါင်းချုပ်စာအုပ် ထုတ်ဝေဖြန့်ချိလိုက်သည်။

စာအုပ်တွင်ပါဝင်သော အကြောင်းအရာများမှာ မြန်မာပြည်တွင် အဖြစ်များပြီး အများပြည်သူသိသင့်သော ရောဂါများအကြောင်း ပါဝင်သည်။ သတိမပြတ်ကာကွယ်ပေး သွေးလွန်တုပ်ကွေးရောဂါပေး၊ ဆီးဆေးအဖြာဖြာအန္တရာယ်ကင်းစွာသုံးစွဲပါ၊ ပန်းနာရောဂါအကြောင်း သိကောင်းစရာ၊ တီဘီရောဂါအကြောင်း သိကောင်းစရာ၊ သွေးတိုးရောဂါအကြောင်း သိကောင်းစရာ၊ သွေးချိုဆီးချိုရောဂါအကြောင်း သိကောင်းစရာ စသည်ဖြင့် ဗဟုသုတဖြစ်ဖွယ်၊ မှတ်သားလိုက်နာဖွယ် ဆောင်းပါးများ ပါဝင်သည်။

အဆိုပါစာအုပ်ကို Myanmar Book Centre အမှတ် ၅၅ အလုံလမ်းနှင့် ဗဟိုလမ်းထောင့် အလုံမြို့နယ် ရန်ကုန်မြို့မှ ငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

တိုင်းရင်းဆေးပညာ အခြေခံဓာတ်ပစ္စည်းများနှင့် သွေးစမ်းကျမ်းစာအုပ် ထုတ်ဝေဖြန့်ချိ

ဒေါက်တာဆရာမြင့်(စကြာမင်း)၏ တိုင်းရင်းဆေးပညာ အခြေခံဓာတ်ပစ္စည်းများနှင့် သွေးစမ်းကျမ်းစာအုပ် ထွက်ရှိလာသည်။

အဆိုပါ စာအုပ်တွင် ဒေသနာနယဆေးပညာနှင့် အာယုဗ္ဗေဒဆေးပညာတို့၏ အခြေခံဓာတ်ပစ္စည်းများ၊ တိုင်းရင်းဆေးပညာရှုထောင့်မှ ခန္ဓာကိုယ်ကို ဖွဲ့စည်းထားသော ဓာတ်ပစ္စည်းအုပ်စု ၇ စု ၊ တေဇောဓာတ် ၅ မျိုး ဖြစ်ပေါ်လာပုံများနှင့် တေဇောဓာတ်များ အဆင့်ဆင့်ပြောင်းလဲဖောက်ပြန်ပုံများ၊ ဓာတ်ပစ္စည်းများ၏ သဘောလက္ခဏာများ၊ အကြောများ၊ အာရုံကြောများ၏သဘာဝလက္ခဏာများ၊ သွေးစမ်းပညာရပ်၏ အခြေခံသဘောတရားများ စသည်တို့ကို ဖော်ပြထားသည်။

အဆိုပါစာအုပ်ကို ရန်အောင်စာပေ ဖုန်း-၀၉-၇၃၂၄၃၈၅၁ မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

မြဝတီရုပ်မြင်သံကြား

၆-၆-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၁၀	တရားတော်
၈:၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၅	ဇာတ်လမ်းတို

ညပိုင်း

၄:၄၀	ရွှေးဟောင်းသုတ
၅:၂၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမေ့အပြုံး** (အပိုင်း -၉)
၆:၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈:၀၀	မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း ရယ်စရာပျော်စရာဟာသ ကမ္ဘာ

စံပြချစ်သူ (ဇာတ်သိမ်း)
ကောင်းပြည့်၊အမရာကျော်၊
ဇေရာ၊ဖေလုဝ၊ခင်လှိုင်၊ဝက်မနှင့်
သရုပ်ဆောင်များ
ဒါရိုက်တာ-စိန်လင်း
(ပုံရိပ်ရွှေမြေ)

မြစ်သားမြို့ရေဘေးဒုက္ခမှကင်းဝေးစေမည့် စမာဆည်သဲထုတ်ရေတံခါး

သတင်းမှတ်စု-ကိုတင်လှိုင်(မိတ္ထီလာ)၊ ဓာတ်ပုံ-ကိုသန့်ဇင်

နေပြည်တော် ဇွန် ၅

မြစ်သားမြို့တွင် ၂၀၀၆ ခုနှစ် အောက်တိုဘာလက ပန်းလောင်မြစ်ရေကြီးစဉ် အချိန်တွင် မြစ်သားမြို့နယ်အတွင်း ရေများဝင်ရောက်ခြင်းကြောင့် လူနေအိမ်များ၊ ရုံးအဆောက်အအုံများနှင့် သိုလှောင်ရုံများ ရေကြီးနစ်မြုပ်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

စမာမြောင်းသည် ပန်းလောင်မြစ်ပေါ်ရှိ ကျီးမဲရေလွှဲဆည်၏ ရေပေးတူးမြောင်းဖြစ်သည်။ စမာမြောင်းသည် ၂၃ ဒသမ ၆ မိုင်ရှည်လျားသည်။ ရေသောက်ဧရိယာ ၂၃၂၄၃ ဧကရှိသည်။ မြောင်းအလျား ရှည်လွန်းခြင်း၊ ရေလှည့်စနစ်ဖြင့် ရေပေးဝေခြင်းတို့ကြောင့် စမာမြောင်း အဖျားပိုင်းရှိ ဧရိယာများမှာ စိုက်ပျိုးရေလုံလောက်စွာ မရရှိကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။ ကင်းတားဆည်၊ နတ်လွဲဆည်နှင့် ကျီးမဲဆည်တို့ဖြင့် စိုက်ပျိုးရေရယူခဲ့ပြီး ပိုလျှံရေများသည် ပန်းလောင်မြစ်အတိုင်း စီးဆင်းသွားသည်။ အဆိုပါပိုလျှံရေများ အကျိုးရှိစွာ အသုံးပြုရန်အတွက် မြစ်သားမြို့အနီး ပန်းလောင်မြစ်ပေါ်တွင် စမာရေလွှဲဆည်ကို ၁၉၉၇-၁၉၉၈ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ စမာမြောင်းမကြီးအောက်ပိုင်း စိုက်ပျိုးရေအလုံအလောက်ရရှိရေးအတွက် ရေကူဖြည့်တင်းပေးနိုင်ရန် စမာရေလွှဲဆည်မှတစ်ဆင့် အရှည်လေးမိုင်ရှိ စမာဒုတိယမြောင်းကိုတူးဖော်ခဲ့ပြီး စမာမြောင်းမကြီးအတွင်း သို့ ကျောက်တိုင်အမှတ် (၅၃/၀၀၀)မှ ရေဖြည့်တင်းပေးခဲ့သည်။ ၂၀၀၅-၂၀၀၆ ခုနှစ်တွင်စမာဒုတိယမြောင်းအား အရှည် ၂ မိုင် ၄ ဖာလုံ ထပ်မံတိုးချဲ့ပြီး ရေသောက်ဧရိယာ ဧက ၁၈၇၀ ကို တိုးချဲ့ရေပေးဝေခဲ့သည်။

စမာရေလွှဲဆည် တည်ဆောက်ပြီး စမာဒုတိယမြောင်း၏ လက်ယာဘက်ရှိ ရွာမုန်းကြီးနှင့် မယှက်ကျေးရွာအုပ်စုနှစ်အုပ်စုရှိ စိုက်ပျိုးဧက ၁၈၃၁ ဧကကို စမာ ဒုတိယမြောင်းမှ တိုးချဲ့ရေပေးဝေနိုင်ခဲ့သည်ကိုတွေ့ရသည်။ ထို့အပြင် စမာဒုတိယမြောင်းမှရေများသည် စမာမြောင်းမကြီးအတွင်းသို့ ကျောက်တိုင်အမှတ်(၆၅+၄၀၀)မှ ရေကူဖြည့်တင်းခြင်းကြောင့် ကျောက်ဆည်မြို့အတွင်းရှိ စိုက်ပျိုးမြေ ၉၁၃၉ ဧကကိုလည်း ရေကူပေးနိုင်ခဲ့သည်။ စမာရေလွှဲဆည် မတည်ဆောက်ခင်က စမာမြောင်းမကြီးမှာ အလှည့်ကျရေလှည့်စနစ်ဖြင့် လေးရက်ပိတ်၊ သုံးရက်ယူစနစ်ဖြင့်သာ ပေးဝေနိုင်ခဲ့သည်။ အများအားဖြင့် စမာမြောင်းအောက်ပိုင်းရှိ စိုက်ပျိုးမြေများမှာ ရေလုံလောက်စွာမရရှိသည်ကို တွေ့ရသည်။ စမာရေလွှဲဆည်တည်ဆောက်ပြီး ဒုတိယမြောင်းမှ စမာမြောင်းမအတွင်းသို့ ရေကူဖြည့်တင်းပေးခြင်းဖြင့် အလှည့်ကျရေပေးဝေရေးစနစ်ပပျောက်ပြီး စိုက်ပျိုးလယ်များမှာ နေ့စဉ်ရေရရှိလာသည်ကို တွေ့ရသည်။ စမာမြောင်းမကြီးအောက်ပိုင်းရှိ ကျောက်ဆည်မြို့နယ်အတွင်းမှ စိုက်ပျိုးမြေ ၉၁၃၉ ဧကမှာလည်း ရေအလုံအလောက်ရရှိနေပြီဖြစ်သည်။

ထို့နောက် စမာတတိယမြောင်းကို တူးဖော်ခဲ့သော်လည်း ရေကောင်းစွာမရရှိသည်ကို တွေ့ရသည်။ ထိုသို့ ဖြစ်ရခြင်းမှာ သဲနုန်းများအနည်ထိုင်၍ မြောင်းကောလာခြင်းကြောင့် ဖြစ်သည်ကိုစစ်ဆေးတွေ့ရှိရသဖြင့် စမာတတိယမြောင်းအား အမြန်ဆုံး ပြန်လည်တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ စမာမြောင်းမကြီးမှ စမာတတိယမြောင်းသို့ ရေလွှဲပေးသည့် ရေတံလျှောက်နှစ်ခုမှာ စမာမြောင်းအတွင်း ရေနည်းလျှင်ရေဝင်မှုနည်းပါးခြင်းကို တွေ့ရသဖြင့် (SHECK STAUCTURE) (ပင်တား) တည်ဆောက်ပေးသွားမည် ဖြစ်သည်။

မြစ်သားမြို့ ဝန်ထမ်းရပ်ကွက် အနိမ့်ပိုင်းနေရာများ ရေမဝင်ရောက်စေရန်အတွက် တာပေါင်များ မြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ စမာသဲထုတ်ရေ တံခါးအား ပေ ၆၀အကျယ်နှင့် ပန်းလောင်မြစ်ကြမ်းပြင်နှင့်အညီ တည်ဆောက်ထားပြီး ရေကြီးချိန်တွင် သဲထုတ်ရေတံခါး ဖွင့်ပေးခြင်းဖြင့် ကသောင်းချောင်းမှ ဒိုက်၊ ဗေဒါများ၊ စွန့်ပစ်ရေများ မျောပါသွားမည်ဖြစ်သည်။ ထို့အပြင် မြစ်သားမြို့နှင့် ပန်းလောင်မြစ်ဘေးရှိ ကျေးရွာများ မိုးစပါး စိုက်ဧက ၁၀၀၀ ခန့်ကိုလည်း ရေဘေးမှ ကာကွယ်ပေးသွားနိုင်မည် ဖြစ်သည်။ စမာရေလွှဲဆည်အတွင်း ရေရှိနေခြင်းကြောင့် မြစ်သားမြို့အတွင်း ရေတွင်းများ ရေများမြင့်တက်လာပြီး သောက်သုံးရေ အဆင်ပြေစွာရရှိနိုင်၍ မီးဘေးအန္တရာယ်ကင်းဝေး၍ ရေရှားပါးမှုပြဿနာပြေလည်သွားမည်ဖြစ်ကြောင်း သိရသည်။ ဆည်မြောင်းဦးစီးဌာနက စမာသဲထုတ်ရေတံခါးကြီး ဆောက်လုပ်နေရာ ၂၀၁၃ ခုနှစ်တွင်အပြီး ဆောက်လုပ်သွားမည်ဖြစ်၍ မြစ်သားမြို့ ရေဘေးအန္တရာယ်မှ ကင်းဝေးသွားမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက် ရပါသည်။ ။

မြစ်သားမြို့တွင် စမာဆည်သဲထုတ်ရေတံခါးတည်ဆောက်နေစဉ်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းပို့ချ

ဘော်လခဲ ဇွန် ၅

ကယားပြည်နယ် ဘော်လခဲမြို့နယ်တွင် မေ ၂၉ ရက်က ယာဉ်စည်းကမ်းတိုးတက်ကောင်းမွန်ရေးသင်တန်းကို ဖွင့်လှစ်ခဲ့ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး (လွိုင်ကော်)မှ ပြည်နယ်ဦးစီးမှူး ဒေါ်နန်းစိုးစိုးဟတ်နှင့် ဒုတိယဦးစီးမှူး ဦးတင်မောင်လွင်တို့က ယာဉ်မောင်းသူလက်စွဲနှင့် ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေပါ သိသင့်သည့် အချက်များကို ရှင်းလင်းပို့ချခဲ့သည်။ ထို့နောက် တက်ရောက်လာကြသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ပြည်နယ် ကညန)**

ကျန်းမာရေးနှင့်အသက်မွေးဝမ်းကျောင်း တိုးတက်အောင်မြင်မှုပြိုင်ပွဲ ကျင်းပ

မိတ္ထီလာ ဇွန် ၅

မိတ္ထီလာမြို့နယ်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျန်းမာရေးလုပ်ငန်းများနှင့်အတူ အသက်မွေးဝမ်းကျောင်း တိုးတက်ရေးလုပ်ငန်းများကို AMDA နှင့် MoFA တို့ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိသော စီမံကိန်းအဖွဲ့ဝင်များအား ရေရှည်ဆက်လက်လုပ်ဆောင်ရန်နှင့် အများပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ကျန်းမာရေးပညာနှင့် ပတ်သက်၍ ဖြစ်ရပ်မှန်အောင်မြင်မှုများ၊ AMDA မှ ပို့ချထားသော စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းမှ ဗဟုသုတများ အသုံးပြုပြီး ဝင်ငွေတိုး လုပ်ငန်းများ ချဲ့ထွင်လုပ်ကိုင်နိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်း တိုးတက် အောင်မြင်မှုပြိုင်ပွဲများကို မေ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် မိတ္ထီလာပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုပြိုင်ပွဲမှဆုရရှိသူများ၏ အောင်မြင်မှု တင်ဆက်ပြသခြင်းအခမ်းအနားကို မေ ၃၀ ရက် မွန်းလွဲ ၁ နာရီက မိတ္ထီလာမြို့တော်ဝင်နန်းခန်းမ၌ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မိတ္ထီလာခရိုင် အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ မိတ္ထီလာခရိုင် ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းထိန်နှင့် AMDA အာရှဆရာဝန်များအသင်း (ရန်ကုန်)မှ စီမံကိန်းအရာရှိ ဦးနန္ဒရွှေတို့က အမှာစကားပြောကြားကြသည်။

ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်း တိုးတက်အောင်မြင်မှုပြိုင်ပွဲတွင် ဆုရရှိသူများကို မိတ္ထီလာပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းထိန်နှင့် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (၀၁၂)

ဗုဒ္ဓပူဇနီယဆီမီး (၉၉၀၀)အဖွဲ့ ဝါဆိုသင်္ကန်း ဆက်ကပ်မည်

ရန်ကုန် ဇွန် ၅

ဗုဒ္ဓပူဇနီယဆီမီး (၉၉၀၀)အဖွဲ့ (အင်းစိန်)က နှစ်စဉ်ကြီးမှူးကျင်းပသော ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဩဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ညောင်ပင်သာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်းတစ်စုံလျှင် ငွေကျပ် ၂၇၀၀ နှုန်းဖြင့် လှူဒါန်းလိုသူများသည် ဆီမီး (၉၉၀၀) အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုး (တရားလွှတ်တော်ရှေ့နေ) ဖုန်း-၀၉-၅၀၆၆၅၀၀၊ ဒုတိယဥက္ကဋ္ဌ ဦးအေးသီ (တရားလွှတ်တော်ရှေ့နေ) ဖုန်း-၀၉-၅၁၈၀၁၂၀၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့် (တရားလွှတ်တော်ရှေ့နေ)၊ သတင်းထောက်ဖြိုးစည်သူ (အင်းစိန်) ဖုန်း-၀၉-၇၃၀-၆၃၁၃၈နှင့်အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (၀၃၁)

ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

ရန်ကုန် ဇွန် ၅

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းသားသမီးများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်းက ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး **(ယာပုံ)**နှင့် မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်နွယ်နွယ်ဝင်းတို့က ဝန်ထမ်းသားသမီး ၁၄ ဦးအတွက် ပညာသင်စရိတ်ချီးမြှင့်ငွေကျပ် ၁၁၂၀၀၀ နှင့် ငွေကျပ် ၆၁၀၀၀ တန်ဖိုးရှိ စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**

ဘိုးဘွားရိပ်သာနှင့် လူမှုရေးအသင်းအဖွဲ့ များသို့ မော်လမြိုင်ကျွန်း၌ အလှူငွေပေးအပ်လှူဒါန်း

မော်လမြိုင်ကျွန်း ဇွန် ၅

မော်လမြိုင်ကျွန်းမြို့နယ် အနေးယာဉ်ပိုင်ရှင်များနှင့် အနေးယာဉ်လုပ်သားများက မော်လမြိုင်ကျွန်းမြို့ ချမ်းမြေ့ဘိုးဘွားရိပ်သာနှင့် ပြည်သူ့အကျိုးပြုလူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေပေးအပ်လှူဒါန်းပွဲကို မေ ၃၀ ရက် နံနက် ၁၀ နာရီက ချမ်းမြေ့ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားတွင် ချမ်းမြေ့ဘိုးဘွားရိပ်သာ ပင်မငွေပဒေသာပင်နှင့် တစ်နေ့တာအာဟာရကျွေးမွေးခြင်းအတွက် ကျပ်နှစ်သောင်းစီ၊ ဇီဝိတဒါန ကျွဲနွားဘေးမဲ့အဖွဲ့၊ နာရေးကူညီမှုအသင်း၊ ဇီဝိဒြေ အောက်ဆီဂျင်လှူဒါန်းရေးအဖွဲ့၊ ကျန်းမာရေး စောင့်ရှောက်မှုအဖြူရောင်နှလုံးသားအဖွဲ့၊ အာရောဂျံအဖွဲ့နှင့် သွေးလှူရှင်များအသင်းတို့အတွက် ကျပ်တစ်သောင်းစီကို မြို့နယ်အနေးယာဉ်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်လှိုင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးအုန်းလှိုင်တို့က ပေးအပ်လှူဒါန်းကြရာ ချမ်းမြေ့ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးအောင်မောင်းနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (၀၆၅)

ဟင်္သာတမြို့နယ်၌ နွေစပါးရိတ်သိမ်းပွဲကျင်းပ

ဟင်္သာတ ဇွန် ၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ဒူးယားကျေးရွာတွင် နွေစပါးပုလဲသွယ်မျိုး ရိတ်သိမ်းပွဲကို ဒူးယားကျေးရွာ လယ်သမားကြီး ဦးစိန်ကြိုင်၏ နွေစပါးပုလဲသွယ်မျိုး စိုက်ပျိုးထားသော လယ်မြေ ၃ ဒသမ ၀၀ ဧက၌ မေ ၂၆ ရက် နံနက် ၉ နာရီက ရိတ်သိမ်းပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ တောင်သူများတက်ရောက်ကြသည်။ **(အောက်ပုံ)**

ရိတ်သိမ်းခြွေလှေ့ပွဲတွင် ရွှေဟင်္သာစိုက်ပျိုးထုတ်လုပ်ရေး သမအသင်းစု လီမိတက် အစီအစဉ်ဖြင့် ဝယ်ယူထားသော ရိတ်သိမ်းခြွေလှေ့စက်ဖြင့် သရုပ်ပြရိတ်သိမ်း ခြွေလှေ့ကြရာ နွေစပါးပုလဲသွယ်မျိုး တစ်ဧက ၁၅၀ ဒသမ ၅၄တင်း ထွက်ရှိကြောင်း သိရှိရသည်။ (၀၇၅)

ညောင်လေးပင်မြို့နယ်၌ လယ်ကွင်းမှအပြန် မိုးကြိုးပစ်ခံရ

ညောင်လေးပင် ဇွန် ၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရေဖြူကန်ကျေးရွာအုပ်စု ရဲလှကုန်းကျေးရွာတွင်နေထိုင်သူ ဦးကျော်ဦး အသက် ၃၉ နှစ်သည် မေ ၃၁ ရက် ညနေ ၄ နာရီ ၄၅မိနစ်တွင် တစ်ရွာတည်းနေ လုပ်ဖော်ကိုင်ဖက် ဦးလှကြည် ဇနီး ဒေါ်မိုးမိုးတို့နှင့်အတူ လယ်ယာမှပြန်လာစဉ် ရန်ကုန်-မန္တလေးမီးရထားလမ်း မိုင်တိုင်အမှတ် ၉၄/၉၅ ကြားသို့ရောက်ရှိစဉ် မိုးထစ်ချုန်းရွာသွန်းပြီး မိုးကြိုးပစ်ချခဲ့ရာ ဦးကျော်ဦးကို ထိမှန်ကာ နေရာတွင်ပင်သေဆုံးသွားခဲ့ကြောင်းနှင့် ဦးလှကြည်မှာ သတိလစ်မေ့မျောသွားခဲ့ကြောင်း သိရှိရသည်။ **(ခင်မောင်လွင်-ညောင်လေးပင်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

6-6 (10).pmd 1 6/6/2012, 2:10 AM

ယဉ်ပျိုမဒီ

ယဉ်သူကိုလှ...
